# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် တနင်္လာနေ့။ Monday, 27 April 2026 ၁၂၁၆၁



**ယနေ့ ဖတ်စရာ**

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၇)မျိုး ရောင်းချပေးမည်** စာမျက်နှာ » ၇

**မြန်မာအမျိုးသားလေကြောင်း မြိတ်-ထားဝယ်-မြိတ် ခရီးစဉ် ပျံသန်းပြေးဆွဲ** စာမျက်နှာ » ၈



**ကျန်းမာအောင်နေ တောက်ပြောင်အောင်ဆည်းပူး ကျေပွန်အောင်ကြိုးပမ်း** ဆောင်းပါး စာမျက်နှာ » ၁၀

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို** စာမျက်နှာ » ၁၁




မင်းဘူး(စကု)မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

# မင်းဘူး(စကု)မြို့နယ်၌ ဖူးစားပြောင်း စိုက်ပျိုးသူများ အဆင်ပြေ

**မင်းဘူး ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာ၌ ဖူးစားပြောင်းများစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန် လိုအပ်ပြီး နွေနှင့်ဆောင်းရာသီများတွင် စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ်လုံလောက်စွာရရှိရန် ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များအား ထိခိုက်ပြီး ဝတ်ဆံကြွေလွင့်မသွားအောင် ဂရုစိုက်ပေးရသည်။ ဝတ်ဆံများပျက်စီးပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့အောင်မြင်မှု လျော့ကျသွားနိုင်သောကြောင့်ဖြစ်သည်။

**သုံးလအတွင်းခုတ်၍ ရောင်းချနိုင်**

ဖူးစားပြောင်းများကို စိုက်ပျိုးပြီး နှစ်လအကြာတွင် ဖူးစပြုကာ သုံးလအတွင်းခုတ်၍ ရောင်းချနိုင်သည်။ ပြောင်းဖူးပင်များကို စနစ်တကျ စိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်းများ ပို၍ကောင်းစေသည်။ ဖူးစားပြောင်းများကို ပြောင်းကြမ်း၊ သကြားပြောင်း၊ ပြောင်းစေးဟူ၍ သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များအတွက်သာ အသုံးပြု စိုက်ပျိုးကြသည်။

ပြောင်းဖူးများ စိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက် အစေ့ချ၍ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များပို၍ ရှင်သန်ကြီးထွားပြီး အဖူးများကိုလည်း ချောစေသည်။ ပြောင်းဖူးပင်များမှာ တစ်ဧက အပင်ရေ ၁၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ပင်ကို သုံးဖူး/လေးဖူး အထိဖူးကာ ပြောင်းစိုက်ပျိုးသူများမှာ အဆင်ပြေနေကြပြီး ဝင်ငွေကောင်းနေကြကြောင်း မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာ ဖူးစားပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

# မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများထံ ဓာတ်မြေဩဇာများ အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချ




**မြစ်သား ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စုစုံဓာတ်မြေဩဇာရောင်းချရေးကုမ္ပဏီတို့ ပူးပေါင်း၍ ဧပြီ ၂၅ ရက် မွန်းလွဲ ၃ နာရီက စိုက်ပျိုးရေးဦးစီးဌာနပိုင်ဂိုဒေါင်၌ တောင်သူများအား ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲ ပြုလုပ်သည်။

**ဆောင်ရွက်ပေးလျက်ရှိ**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းဖြင့် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ နွေသီးနှံစိုက်ပျိုးသည့် တောင်သူများကို သွင်းအားစု ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာ အသုံးပြုနိုင်စေရန်၊ ဈေးနှုန်း သက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားသည့် “နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်” ဆိုသည့်အတိုင်း ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားထားသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက် (၅)ရပ်ပါအချက်များတွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များတွင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဧပြီလ ၂၂ ရက်နေ့က ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်တွေ့ဆုံဂါရဝပြုခဲ့သည်။ ဧပြီလ ၂၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံအား အပြုသဘောဆောင် အကောင်းမြင်သည့်မိတ်ဆွေနိုင်ငံများက လာရောက်တွေ့ဆုံကြဦးမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှုအပေါ် သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်က နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ် တက်ရောက်စေခဲ့ခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတို့အပေါ် တရုတ်နိုင်ငံအနေဖြင့် အလေးအနက်ထားကြောင်း ပြသခြင်းပင်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ယုံကြည်လက်ခံထားသည်။ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည် ထောက်ခံဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

မြန်မာနိုင်ငံနှင့် တရုတ် နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည်။ အေးအတူပူအမျှ အသိုက်အဝန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံမှု တည်တံ့ခိုင်မြဲရေးကိုလည်း စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်း သဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စွဲစွဲမြဲမြဲ ထောက်ခံအားပေးလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးချယ်သည့်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းလျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာ အစဉ်အလာမပျက် ဆက်ဆံနေထိုင်လျက်ရှိသည်။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်ရေး၊ ငြိမ်းချမ်းရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးတို့တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ကတိကဝတ်များပြုခဲ့ကြသည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာနှင့်ပါ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆက်ဆံဆောင်ရွက်မှုများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ဆင္ဒသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၆

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြောက်ဥက္ကလာပမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် မဟာကျိန်သစ္စာရှင်ဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြောက်ဥက္ကလာ ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် မဟာကျိန်သစ္စာရှင်ဘုရားကြီးတွင် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း (၄)ရပ်ကွက်ရှိ မဟာကျိန်သစ္စာရှင်ဘုရားအား ဘုရားရေသပ္ပာယ်ခြင်း၊ ဘုရားရင်ပြင်တော် ဆေးကြောခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



မေ (၅)ရက်တွင်ကျရောက်မည့် နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြု၍ ဧပြီ ၂၆ ရက်က သန်လျင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သန်လျင် ကျိုက်ခေါက်စေတီတော်ကြီးအား မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ဘုရားရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်သန့်ရှင်းရေးဆောင်ရွက်စဉ်။

သန်းဝင်း(သန်လျင်)

## ဒေးဒရဲမြို့ရှိမြို့မဈေးအား မီးဘေးလုံခြုံရေးစစ်ဆေး

ဒေးဒရဲ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ မြို့မဈေးနှင့် ရေလှောင်ကန်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုး ဦးဆောင်ပြီး သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် လျှပ်စစ်ရုံးဝန်ထမ်းများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အသုံးပြု၍ ရ/မရ စစ်ဆေးခဲ့ပြီး ရေများထပ်မံဖြည့်တင်းကြောင်း သိရသည်။

မင်းထက်သာ



## ၂၆ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သီလဝါဆိပ်ကမ်းဧရိယာရှိ ခေတ်မီသိုလှောင်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



ရန်ကုန် ဧပြီ ၂၆

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ရန်ကုန်တိုင်းလျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါက်တာမျိုးသော်နှင့် အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဧရိယာရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build-Operate-Transfer, BOT)စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီသိုလှောင်ရုံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Myanma Agricultural & General Development Public Limited (MAGDPL)တို့မှ သီလဝါဆိပ်ကမ်းဧရိယာ အကွက်အမှတ်(၂၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သော ခေတ်မီသိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဦးဆောင် ညွှန်ကြားရေးမှူးက ခေတ်မီသိုလှောင်ရုံ လေးလုံး အနက် ပေ(၅၅၀ x ၁၅၀ x ၃၄) အရွယ်ရှိ တန်ချိန် ၂၅၀၀၀ သိုလှောင်နိုင်သည့် သိုလှောင်ရုံ တစ်လုံး တည်ဆောက်ခြင်း၊ နောက်ခံမြေတွင် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အပိုင်းလိုက် ဆက်လက်တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက အချိန်မီပြီးစီး၍ ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် နိုင်ငံ၏ အဓိကလယ်ယာထွက် ပို့ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် သိုလှောင်တင်ပို့နိုင်ရေးအတွက် စီမံထားသည့်အတိုင်း အပိုင်းလိုက် ဆက်လက်တည်ဆောက်သွားကြရန် ဖြည့်စွက်မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Myanmar International Terminal Thilawa (MITT) ဆိပ်ကမ်းတံတားသို့ ရောက်ရှိစစ်ဆေးပြီး MITT အစည်းအဝေးခန်းမတွင် သီလဝါဆိပ်ကမ်းဧရိယာရှိBOTဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများအား တွေ့ဆုံရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင် ညွှန်ကြားရေးမှူးက ဆိပ်ကမ်း လုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများက လက်ရှိ ဆိပ်ကမ်း ဝန်ဆောင်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် တည်ဆောက်ရန် ကျန်ရှိသည့် BOT ဆိပ်ကမ်း တံတားများမှ ၎င်းတို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နှစ်စဉ်ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ပျမ်းမျှ ၇၀ ရာနှုန်းရှိသဖြင့်ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှု၏ အဓိက ဝင်/ထွက်ပေါက်ဖြစ်သော ရန်ကုန်နှင့် သီလဝါဧရိယာရှိဆိပ်ကမ်းတံတားများအပါအဝင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတစ်ခုလုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ ရန်ကုန်ဆိပ်ကမ်း၏ ကုန်ကိုင်တွယ်ရရှိမှုပမာဏကို မြှင့်တင်နိုင်ရန် ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းအပြင် နိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီဝင်အနေအထားကို အကျိုးရှိစွာ အသုံးချပြီး အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်/သွင်းကုန်များကိုပါ သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်း-ရေနှစ်သွယ် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကိုအကောင်အထည်ဖော်ရန်လိုကြောင်း၊ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း(Transshipment) ဝန်ဆောင်မှုနှင့် နိုင်ငံဖြတ်သန်း ကုန်သွယ်မှု (Transit Trade) ဝန်ဆောင်မှုများကိုပေးနိုင်ရန် အဆင်သင့်ဖြစ်မှုအတွက် ဆိပ်ကမ်းတံတားများကို ဆက်လက်တိုးချဲ့ တည်ဆောက်လုပ်ကိုင်ကြရန်လိုအပ်ပြီး နိုင်ငံ၏ စွမ်းအင်လုံခြုံမှုအတွက်လည်း စက်သုံးဆီ တံတားများနှင့် သိုလှောင်ကန်များကို မြေနေရာချထားပေးပြီးဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆက်လက်ရင်းနှီးမြှုပ်နှံ တည်ဆောက်လုပ်ကိုင်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းစွမ်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် အသွင်ကူးပြောင်း ဆောင်ရွက်ကြရန်၊ စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဆိုလာစနစ်ကို အစားထိုး သုံးစွဲကြရန်နှင့် ဘက်ထရီစနစ်သုံး ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် ယာဉ်များကို ပြောင်းလဲ အသုံးပြုကြရန် တိုက်တွန်းပြောကြားသည်။(ဝဲပုံ)

**ပေါင်းစပ်ညှိနှိုင်းပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည့်အပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းရှိ 1500 BHP Harbour Tug တွန်းဆွဲရေယာဉ် အသစ်တစ်စင်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လက်ပံတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် လုံးဝမပြုလုပ်ရသေးသူများအား လူဝင်မှုကြီးကြပ်ရေးမှူး ဦးညီမိုးအောင်ဦးဆောင်သောအဖွဲ့က မြင်ကဝကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ် ၂၁၈ ကတ်နှင့် UID ကတ် ၃၇ကတ်အား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်နိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်းမှ အဖွဲ့ဝင်များက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဝန်ကြီးဌာနမှ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့်အတူ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေအတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတွင် ပါဠိ/ မြန်မာ/ ရိုမန်/ အင်္ဂလိပ်စာသားများ ရေးသားထွင်းထုပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရေရှည်တည်တံ့စွာ ထိန်းသိမ်းသွားရန်၊ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ပြီး စည်တော်စင်ဆောက်လုပ်ထားရှိရာ နေရာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်၊ ကျမ်းစာအုပ် အရောင်းဆိုင်နှင့် ပိဋကသုံးပုံ တင်ဆောင်မည့် ဆင်တက်လှေကား တပ်ဆင်ထားရှိမှုနှင့် ဆဋ္ဌသင်္ဂါယနာမော်ကွန်း ပြတိုက် လက်ယာဘက်အဝင် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏အလယ် သံဃာစင်အတွင်း ဆရာတော်ကြီးများ သီတင်းသုံးမည့် ကနုတ်ခုံများ



ခင်းကျင်းထားရှိမှု ဆဋ္ဌသင်္ဂါယနာအမေးအဖြေ သံဃာစင်ပြုလုပ်ထားမှု၊ အလယ်သံဃာစင်ထိပ်ရှိ ဘုရားကျောင်းဆောင် ခင်းကျင်းထားရှိမှု၊ သဝဏ်လွှာနှင့် စာတမ်းဖတ်စင်များ၊ အခမ်းအနားမှူးစင်များနှင့် အခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားဖွင့် စက်ခလုတ်နှိပ်မည့် နေရာခင်းကျင်းမှု၊ ပြကွက် ၁၁ ခု ခင်းကျင်းထားရှိမည့် နေရာတစ်လျှောက်တွင် Light Box များ တပ်ဆင်ခြင်း၊ ထည့်သွင်းပြသမည့်ပုံများ၊ LED Board များ၊ ကော်ဇောခင်းခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပိဋကပြတိုက်အတွင်းရှိ ဘဲဥပုံစံရေကန်ဆေးသုတ်ခြင်း၊ ရေလဲလှယ်ခြင်းများ၊ ပိဋကတ်ပြတိုက် လက်ဝဲ/လက်ယာဘက်ခြမ်းရှိ မော်ကွန်းကျောက်စာ ရှင်းလင်းထားရှိမှုအခြေအနေများနှင့် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အတွင်း ရှေးဟောင်းဘုရားများဖူးမြော်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် ဖွားဖက်တော်များဖြစ်သော ဥတ္တရကုရု ကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်တို့သို့ ရောက်ရှိပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်လာမည့်ဆရာတော်ကြီးများ သီတင်းသုံးမည့် အခြေအနေကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြသရာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေး သံဃာ့ဆေးရုံကြီးသို့ ရောက်ရှိပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ ဆရာတော်ကြီးများ အရေးပေါ်ဆေးကုသမှုပြုနိုင်ရေးအတွက် ဆေးရုံအတွင်း/အပြင် သန့်ရှင်းစေရေး၊ သိမ်တော်ကြီးအတွင်း သန့်ရှင်းစေရေးတို့ကို မှာကြားသည်။

ယင်းနောက် ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ ရောက်ရှိပြီး ကျမ်းစာအုပ်များ၊ တရားစာအုပ်များ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သာသနာတော်အတွက် အကျိုးပြုကျမ်းစာအုပ်များ အချိန်မီ ရိုက်နှိပ်ထုတ်ဝေနိုင်ရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာသိမ်တော်ကြီးသို့ ရောက်ရှိပြီး သိမ်တော်ကြီးအတွင်း ငှက်များ ဝင်ရောက်ခြင်းမရှိစေရန်၊ ခိုချေးများ ကင်းရှင်းစေရေးအတွက် အမြဲမပြတ်သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး ကမ္ဘာအေး စာပုံနှိပ်တိုက်သို့ရောက်ရှိကာ ကျမ်းစာအုပ်များ၊ တရားစာအုပ်များ၊ အန္တရာယ်ကင်းဘုရား ရှိခိုးစာအုပ်များ စသည်တို့ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဘာသာသာသနာအတွက် အကျိုးပြုကျမ်းစာအုပ်များ အချိန်မီရိုက်နှိပ်ထုတ်ဝေနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

သထုံ မေ ၂၆

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သထုံမြို့ ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပါမောက္ခချုပ် ဒေါက်တာ နီလာသိန်းက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ကျောင်းသား ကျောင်းသူ အဆောင်၊ ဝန်ထမ်းအိမ်ရာ၊ စာသင်ဆောင် လိုအပ်ချက်၊ လျာထားပြီး လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ယခုအခါ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ကို ပေါင်းစည်းပြီး Polytechnic University အဖြစ် ထူထောင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ တက္ကသိုလ်တစ်ခုတည်းတွင် ဘာသာရပ်များ စုစည်းပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားသောနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် သင်ကြားရေး ကွာခြားမှုမရှိကြောင်း၊ ယခုအခါ ကွန်ပျူတာတက္ကသိုလ် (သထုံ) နေရာတွင် ဆရာအတတ်ပညာတက္ကသိုလ်(သထုံ) ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြု ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ်(သထုံ) သုံးထပ် စာသင်ဆောင်၊ ရှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ



နေရာနှင့် ကျောင်းသား ကျောင်းသူအဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ ပဋ္ဌာနဂီရိချမ်းမြေ့စည် လောကီလောကုတ္တရာ ပညာသင်ကြားရေး သီလရှင်ကျောင်းတိုက်သို့သွားရောက်၍ အဆိုပါကျောင်းတိုက်ရှိ သီလရှင် ဆရာမကြီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ကုန္ဒစာရီနှင့် ဆရာကြီး ဆရာလေးတို့အားသွားရောက်ဖူးမြော်၍ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ တင်ပြဆွေးနွေးပြီး လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ညောင်ကျေးရွာ အောင်မင်္ဂလာဘုန်းကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

## နေ့ချင်းပြီးဆောင်ရွက်

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ UID (smart card) ၄၇ ဦး၊ နိုင်(၃က) ၄၉ကတ်နှင့် နိုင်(၆က) သုံးကတ် စုစုပေါင်းနိုင်ငံသားကတ်၅၂ ကတ်တို့ကို ပြည်သူလက်ဝယ်ထံသို့ ပေးအပ်ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်၍ လက်ထောက်ဦးစီးမှူး ဦးမျိုးနေဇာနှင့် ဝန်ထမ်းများက ညောင်ကျေးရွာအတွင်းရှိ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သာကေတ(သွားနှင့်ခံတွင်းအထူးကုဆေးရုံ)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြည်သူ့ဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၂၆

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတ(သွားနှင့် ခံတွင်းအထူးကုဆေးရုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတ (သွားနှင့်ခံတွင်း အထူးကုဆေးရုံ)တွင် ပိတ်ရက်မရှိ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တိုက်ရိုက်အကျိုးခံစားခွင့် ရရှိအောင် ဆောင်ရွက်ပေးနေသည့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးကုသခန်းများ၊ သွားတုပြုလုပ်သည့်ဌာနများနှင့် ဓာတ်ခွဲခန်းများ၊ Digital Dentistry လုပ်ငန်း ဆောင်ရွက်နေမှုများ၊ သာကေတ အထူးကုဆေးရုံတွင် အရေးပေါ်ဆေးကုသမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ သာကေတ၊ ဒေသန္တရ ကျန်းမာရေးဌာန၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက မျှော်မှန်းလူ့သက်တမ်း တိုးမြှင့်လာစေရေးနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု(UHC)ရရှိရေး မြို့နယ်အတွင်း ဆောက်ရွက်လျက် ရှိသည့် ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ဆေးကုသမှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထု တိုက်ရိုက်အကျိုးကျေးဇူး ရရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများအတွက် နိုင်ငံတော်က လစာအပြင် ထပ်ဆောင်းချီးမြှင့်ငွေများ ထောက်ပံ့ပေးနေမှု၊ ဆောက်လုပ်ဆဲ ဆေးရုံအဆောက်အအုံသစ်အား စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ပြီးစီးသည့် တိုးချဲ့ နှစ်ထပ်ဆေးကုသဆောင်သစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဒသမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ ဒသမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးတင်ရှိန်က သွေးလှူဒါန်းပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားပြီး ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးလှူရှင်ပြည်သူများအား အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများ စစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။ ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးလှူရှင်များက သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းကြသည့် သွေးလှူရှင်များအား စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က တီရှပ်အင်္ကျီများ၊ အအေး၊ ကြက်ဥ၊ နွားနို့စသည့်အာဟာရများနှင့် အမျိုးသားသွေးလှူဌာနက သံဓာတ်အားဆေးစသည့်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လပွတ္တာမြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်



လပွတ္တာ မေ ၂၆

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာလုတ်တောင်ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ ညနေပိုင်းက လပွတ္တာလုတ်တောင်ကျေးရွာအုပ်စု အခြေခံပညာ အထက်ကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်လင်းနှင့် တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမင်းတို့က ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံရင်မော်က ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအေးမင်းက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်သည့် မြေအမျိုးအစားများနှင့် ကျေးရွာမြေငှားဂရန် လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို ဆွေးနွေးပြောကြားသည်။

လပွတ္တာမြို့နယ်တွင် ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) လှုပ်ရှားမှု ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းကို လပွတ္တာလုတ်ကျေးရွာတွင် ကျေးရွာမြေ ၈ ဒသမ ၉၄ ဧကကို ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက ဟန်လုံမုံကျေးရွာ၌ ပြုလုပ်စဉ်။ မင်းမြင့်မိုရ်

# စဉ့်ကူးမြို့ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



စဉ့်ကူး မေ ၂၆

မန္တလေးတိုင်း ဒေသကြီး စဉ့်ကူးမြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်စွာဝင်းခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား တစ်ဦးချင်း ရောဂါဖြစ်ပွားခဲ့မှုအခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စစ်ဗျူဟာမှူးသည် စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား ဆန်၊ ဆီ၊ အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မေ ၂၆

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# သင်္ဂါယနာသမိုင်း

မောင်ပုည

## တတိယသင်္ဂါယနာသမိုင်း

### ထေရဝါဒဂိုဏ်း

ထေရဝါဒဂိုဏ်းဟူသည် ဘုရားရှင်ဟောကြားပညတ်တော်မူသည့် အတိုင်း ပိဋကတ်တော်များကို သင်္ဂါယနာတင်၍ ဘုရားအဆုံးအမ ဘုရားဟောအတိုင်း လိုက်နာကျင့်သုံးသောဂိုဏ်း ဖြစ်သည်။ ဘုရားဟော ဓမ္မဝိနယနှင့်ညီသော ဂိုဏ်းဖြစ်သည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး သာသနာတော်နှစ် ၁၀၀ ကျော်သောအခါ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိဂိုဏ်း)ဟု နှစ်ဂိုဏ်းကွဲပြားလာသည်။

ထေရဝါဒဂိုဏ်းမှတစ်ပါး ကွဲပြားလာသောဂိုဏ်းတို့သည် ရဟန်းတို့၏ အမည်၊ အသွင်အပြင်၊ အသုံးအဆောင် ပရိက္ခရာတို့ကို ပကတိသဘောမှ စွန့်ပစ်၍ ကျင့်ဆောင်ကြသည်။ ထေရဝါဒရဟန်းတို့၏ အသုံးအဆောင်၊ သင်္ကန်းပရိက္ခရာများကို ပစ်ပယ်ကုန်ကြသည်။ ဒုကုဋ်၊ ရင်စည်း၊ ဦးထုပ်ဆောင်း စသောဝိနည်းနှင့်မညီသော အသွင်အပြင်တို့သည် ထိုအဓမ္မ ဝါဒီဂိုဏ်းသားတို့မှ အဦးအစ မြစ်ဖျားခံခဲ့သည်ဟု ယူဆရပါသည်။

### အသောကမင်း နန်းတက်ခြင်း

သာသနာတော်နှစ် ၂၁၄ ခု၊ အသောကမင်း နန်းတက်လေသည်။ မင်းကြီး၏ နန်းသက် ရှစ်နှစ်မြောက်တွင် ကလိင်္ဂတိုင်း စစ်ပွဲတွင် စစ်၏အနိဋ္ဌာရုံများကို မြင်တွေ့၍ စိတ်နှလုံး တုန်လှုပ်ချောက်ချားခဲ့ရသည်။ ထိုအချိန်မှစ၍ စစ်ဘုရင်ဘဝမှသည် သာသာနာပြုမင်းမြတ်အဖြစ်သို့ ပြောင်းလဲသွားပါသည်။ တတိယသင်္ဂါယနာတင် သီရိဓမ္မာသောက မင်းကြီးသည်“ဗုဒ္ဓသာသနာတော်ကိုကမ္ဘာ့ဘာသာကြီးတစ်ခုဖြစ်အောင် အထိရောက်ဆုံးဆောင်ရွက်နိုင်ခဲ့သူ” ဖြစ်သည်။

### တိတ္ထိများ သာသနာတော်တွင်း ဝင်လာခြင်း

အသောကမင်းသည် ထက်သန်သော သဒ္ဓါတရားဖြင့် သာသနာတော်ကို ချီးမြှင့်ထောက်ပံ့လှူဒါန်းရာ သံဃာတော်များအတွက် လာဘ်လာဘပေါများလာလေသည်။ သို့သော် တိတ္ထိများအတွက် လာဘ်လာဘ ဆုတ်ယုတ်လာသည်။ တိတ္ထိတို့သည် လာဘ်လာဘကို မျှော်လင့်တောင့်တပြီး သာသနာတော်သို့ဝင်၍ ရဟန်းပြုကြသည်။ ရဟန်းပြုသော်လည်း မိမိတို့မိစ္ဆာအယူကိုမစွန့်ဘဲ “ဤကားဓမ္မဖြစ်သည်၊ ဤကား ဝိနယဖြစ်သည်”ဟု ပြောဆိုကြကုန်၏။ ရဟန်းအဖြစ်ကို မရသူတို့ကလည်း ကိုယ်တိုင်ခေါင်းတုံးပြီး ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ ရဟန်းယောင်ဆောင်ကာ ကျောင်းတို့၌ လှည့်လည်သွားလာနေကြသည်။ ဥပုသ်ပြုရာ၊ ပဝါရဏာပြုရာသို့ ရဟန်းယောင်ဆောင်ကာ နေထိုင်ကြလေသည်။



တတိယသင်္ဂါယနာတင် သရုပ်ဖော်ပုံကို တွေ့ရစဉ်။



စတုတ္ထသင်္ဂါယနာတင် သရုပ်ဖော်ပုံကို တွေ့ရစဉ်။

ရဟန်းတို့သည်တိတ္ထိတို့နှင့်အတူတကွ ဥပုသ်မပြုကြကုန်။ ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် “ယခုအဓိကရုဏ်းဖြစ်ပြီ၊ ဤအဓိကရုဏ်းသည် မကြာမီ ရှန့်ရင်းကြမ်းတမ်းလာလိမ့်မည်။ အဓိကရုဏ်းကို ဤရဟန်းတို့၏အလယ်၌ နေလျက် ငြိမ်းစေခြင်းငှာမဖြစ်နိုင်” ဤသို့ ကြံစည်တော်မူ၍ အရှင်မဟိန္ဒမထေရ်အား ဂိုဏ်းကိုလွှဲအပ်၍ အဟောဂင်္ဂါတောင်သို့ ကြွတော်မူသည်။

ရဟန်းသံဃာတော်တို့သည် ထိုတိတ္ထိတို့ကို ဓမ္မဝိနယဖြစ်သော မြတ်စွာဘုရားအဆုံးအမတော်ဖြင့် ဆုံးမနှိမ်နင်းသော်လည်း ဓမ္မဝိနယအားလျော်သော အကျင့်ကို မကျင့်ကြကုန်။ သာသနာတော်၏ အယူဝါဒခိုးမှု၊ အညစ်အကြေး ဆူးငြောင့်ဖြစ်လာကြသည်။ အချို့သောတိတ္ထိတို့သည် မီးကို လုပ်ကျွေးကြ၏။ အချို့သော တိတ္ထိတို့သည် ပဉ္စာတပအကျင့်ကို ကျင့်ကြ၏။ ရဟန်းသံဃာတော်များသည် ထိုတိတ္ထိတို့နှင့်အတူ ဥပုသ်ပဝါရဏာ မပြုကြတော့ပေ။ ဤသို့ဖြင့်အသောကာရုံကျောင်း၌ ခုနစ်နှစ်ပတ်လုံး ဥပုသ်ပြုခြင်း ပြတ်စဲခဲ့ပေသည်။

အသောကမင်းသည် အသောကာရုံကျောင်းတော်၌ ဥပုသ်ပဝါရဏာ မပြုကြသော အကြောင်းကိုကြားသိပြီး အမတ်သည် ကျောင်းတော်သို့သွား၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးနောက် “အရှင်မြတ်တို့ဘုရား တပည့်တော်ကို မင်းမြတ်က ဥပုသ်ပြုကြပါစေလော့ဟု စေခိုင်းပါသည်။ ယခုအခါ ဥပုသ်ပြုကြပါ” ဟု လျှောက်ထားသည်။ ရဟန်းတော်များက “ငါတို့သည် တိတ္ထိတို့နှင့် အတူတကွ ဥပုသ်မပြုနိုင်”ဟု မိန့်တော်မူကြသည်။ သာသနာတော်သည် ဆုတ်နစ်နေပါ၏။ ဆုတ်နစ်နေသော သာသနာတော်ကို ချီးမြှောက်ခြင်းအကျိုးငှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် ကြွလာတော်မူလေသည်။

### ဥယျာဉ်တော်သို့ ပင့်ဆောင်ခြင်း

အသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကို မိမိ၏ ဥယျာဉ်တော်သို့ ပင့်ဆောင်၍ “အရှင်ဘုရား တပည့်တော်သည် အမတ်တစ်ယောက်ကို ကျောင်းတော်သို့စေလွှတ်၍ အဓိကရုဏ်းကို ငြိမ်းစေပြီးလျှင် ဥပုသ်ပြုတော်မူကြစေရန် ပြောကြားလိုက်ပါသည်။ ထိုအမတ်သည် ဥပုသ်မပြုသော ရဟန်းတော်တို့ကို (အထင်အမြင်လွဲမှားကာ) သတ်ပါသည်။ ဤမကောင်းမှုသည် အဘယ်သူအားဖြစ်ပါသနည်း”ဟု လျှောက်ထားလေရာ မထေရ်မြတ်က “မင်းမြတ် မင်းမြတ်စိတ်သည် အဘယ်သို့ရှိသနည်း၊ ဤအမတ်သည် ကျောင်းတော်သို့သွား၍ ရဟန်းတို့ကို သတ်စေလိုသော စိတ်ရှိသလော”ဟု မေးတော်မူသည်။ သတ်စေလိုသောစိတ်မရှိပါကြောင်း အသောကမင်းက ဖြေလျှင် “မင်းမြတ် သင်သည် သတ်စေလိုသောစိတ်မရှိက မကောင်းမှုသည် သင့်အားမရှိပေ”ဟု မိန့်တော်မူသည်။ ဤသို့ မင်း၏သံသယကို ဖြေရှင်းတော်မူပြီးလျှင် မင်း၏ဥယျာဉ်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူလျက် မင်းကို မြတ်စွာဘုရားရှင်၏အယူဝါဒကို သင်ယူစေသည်။

### အယူကို စိစစ်ခြင်း

အသောကမင်းသည် ခုနစ်ရက်မြောက်သောနေ့တွင် အသောကာရုံကျောင်းတော်၌ ရဟန်းအပေါင်းကို စည်းဝေးပါရန် ပင့်လျှောက်၍ တင်းတိမ်အကာအရံပြုလုပ်ပြီးလျှင် တင်းတိမ်အတွင်း၌နေ၍ အယူဝါဒတူသော ရဟန်းတို့ကို တစ်ပေါင်းတည်းနေစေပြီး အုပ်စုတူသော ရဟန်းအပေါင်းတို့ကို ခေါ်စေ၍ “မြတ်စွာဘုရားသည် ဘယ်အယူရှိပါသနည်း” ဟု မေးလျှောက်လေသည်။ ရဟန်းတို့သည် မိမိတို့ စွဲယူထားသော အယူဝါဒကိုပင် ဘုရားရှင်၏ အယူဝါဒဖြစ်လေဟန် ဖြေကြားကြလေသည်။

မင်းသည် ရှေးဦးစွာ မြတ်စွာဘုရားရှင်၏ တရားတော်ကို သင်ထားပြီးဖြစ်၍ ဤရဟန်းတို့သည် “ရဟန်းအစစ် မဟုတ်ကုန်၊ သာသနာတော်မှအပ တိတ္ထိတို့သာ ဖြစ်ကြသည်”ဟု သိ၍ ထိုတိတ္ထိတို့အား အဝတ်ဖြူတို့ကိုပေးပြီး လူထွက်စေသည်။ အဝတ်ဖြူလဲရသူပေါင်း ခြောက်သောင်းထိရှိလေသည်။ ထိုအခါ အသောကမင်းသည် သံဃာတော်တို့အား “အရှင်မြတ်တို့ဘုရား ယခုအခါ သာသနာတော်သည် သန့်ရှင်းစင်ကြယ်ပါပြီ၊ သံဃာတော်သည် ဥပုသ်ပြုတော်မူပါ”ဟု လျှောက်ထား၍ အစောင့်အရှောက်ကိုစီစဉ်ကာ မြို့တော်သို့ ပြန်လေသည်။ သံဃာတော်သည်လည်း စည်းဝေး၍ ဥပုသ်ပြုတော်မူကြသည်။ ထိုသံဃာ့အစည်းအဝေး၌ ရဟန်းတော်ပေါင်း ခြောက်သန်းရှိသည်။

### တတိယသင်္ဂါယနာတင်ခြင်း

ထိုခြောက်သန်း အရေအတွက်ရှိသော ရဟန်းတော်တို့အနက် တိပိဋကဓရ၊ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇ စသောရဟန်းတော်တစ်ထောင်ကို ရွေးချယ်တော်မူ၍ အရှင်မဟာကဿပ၊ အရှင်ယသတို့ ဓမ္မဝိနယကို သင်္ဂါယနာတင်တော်မူကြသကဲ့သို့ သာသနာတော်၏အညစ်အကြေးကို သုတ်သင်ရှင်းလင်း၍ တတိယသင်္ဂါယနာကို တင်တော်မူကြသည်။ သင်္ဂါယနာတင်၍ ပြီးဆုံးသောအခါ အကြိမ်များစွာ မြေတုန်လှုပ်သည်။ ဤတတိယသင်္ဂါယနာကို သာသနာတော်နှစ် ၂၃၅ ခုနှစ်တင်ပြီး အချိန်အားဖြင့် ကိုးလကြာမြင့်ခဲ့သည်။ တတိယသင်္ဂါယနာကို အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က ဦးဆောင်၍ အသောကမင်း၏ ထောက်ပံ့မှုဖြင့် တင်ခြင်း ဖြစ်သည်။ ဤတတိယသင်္ဂါယနာတင်ပွဲကြီးတွင် ပထမသင်္ဂါယနာတွင် ချမှတ်ထားသော မူဝါဒသုံးရပ်ကိုပင် လိုက်နာဆောင်ရွက်ကြလေသည်။

### ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် တတိယသင်္ဂါယနာတင်ပြီးသောအခါ သာသနာတော်သန့်ရှင်းသွားပြီဟု ကြောင့်ကြမဲ့နေတော်မမူပေ။ အနာဂတ်ကာလ၌သာသနာတော်သည် ဘယ်အရပ်၌ ကောင်းစွာတည်မည်နည်းဟု ဆင်ခြင်တော်မူရာ စာမျက်နှာ ၇ သို့ ✻

**ရဟန်းသံဃာတော်တို့သည် ထိုတိတ္ထိတို့ကို ဓမ္မဝိနယဖြစ်သော မြတ်စွာဘုရား အဆုံးအမတော်ဖြင့် ဆုံးမနှိမ်နင်းသော်လည်း ဓမ္မဝိနယအားလျော်သောအကျင့်ကို မကျင့်ကြကုန်။ သာသနာတော်၏ အယူဝါဒခိုးမှု၊ အညစ်အကြေး ဆူးငြောင့်ဖြစ်လာကြသည်။ အချို့သော တိတ္ထိတို့သည် မီးကို လုပ်ကျွေးကြ၏။ အချို့သောတိတ္ထိတို့သည် ပဉ္စာတပအကျင့်ကို ကျင့်ကြ၏။ ရဟန်းသံဃာတော်များသည် ထိုတိတ္ထိတို့နှင့်အတူ ဥပုသ်ပဝါရဏာ မပြုကြတော့ပေ။ ဤသို့ဖြင့် အသောကာရုံကျောင်း၌ ခုနစ်နှစ်ပတ်လုံး ဥပုသ်ပြုခြင်း ပြတ်စဲခဲ့**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၇)မျိုး ရောင်းချပေးမည်

**နေပြည်တော် မေ ၂၆**

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် သာသနာရေးဝန်ကြီးဌာနမှ အတည်ပြုထားသည့် ဓာတ်ပုံဒီဇိုင်း ဦးအောင်ဇော်မြတ်(ကျော့သီသ) ဒီဇိုင်းရေးဆွဲထားသော (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၇)မျိုးကို ၂၀၂၆ ခုနှစ် မေ ၃၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့ နံနက် ၉ နာရီခွဲမှစတင်၍ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာမင်္ဂလာအခမ်းအနား၏ အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်နှင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့တွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

**နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်**

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် မေ ၃၀ ရက် တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**



















**✻ စာမျက်နှာ ၆ မှ**

'သာသနာတော်သည် မဇ္ဈိမဒေသ၏ အစွန်အဖျားကျသော ပစ္စန္တတိုင်းတို့၌ ကောင်းစွာတည်လိမ့်မည်'ဟု သိတော်မူသည်။ သို့ဖြစ်၍ အရှင်မြတ်သည် ထိုထိုရဟန်းတို့အား တာဝန်ခွဲဝေ၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူသည်။ ယနေ့ခေတ်တွင် နိုင်ငံအများအပြား၌ ဗုဒ္ဓသာသနာတော် ပြန့်ပွားစည်ပင် ဗုဒ္ဓတရားတော်များကို ကျင့်သုံးနိုင်ခြင်းသည် တတိယသင်္ဂါယနာတင် မထေရ်မြတ်ကြီးများနှင့် အသောကမင်းကြီးတို့ ဆရာဒကာလက်တွဲကာ စိုက်ပျိုးခဲ့ကြသော မျိုးစေ့များ၏ အပင်များ၊ အသီးအပွင့်များပင် ဖြစ်လေတော့သည်။

**စတုတ္ထသင်္ဂါယနာသမိုင်း သီရိလင်္ကာ သာသနာ**

ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ရာတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ တာဝန်ကျသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ တပည့် အရှင်မဟိန္ဒမထေရ်သည် သာသနာ ၂၃၆ ခုနှစ်၊ နယုန်လပြည့်နေ့၌ ကြွတော်မူသည်။ အရှင်မြတ်နှင့်အတူ အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင်ဘဒ္ဒသာလ၊ အရှင်သမ္ဗလ၊ အရှင်မြတ်၏ တူဖြစ်သော သာမဏေရှင်သုမနနှင့် ဘဏ္ဍုကအမည်ရှိ ဥပါသကာတို့ လိုက်ပါကြသည်။

သာသနာပြုကြွတော်မူရန် သာသနာတော်နှစ် ၂၃၅ ခုနှစ်၊ တန်ဆောင်မုန်းလကပင် တာဝန်ပေးစေလွှတ်သဖြင့် အခြားသာသနာပြုအဖွဲ့များ ကြွသွားကြသော်လည်း အရှင်မဟိန္ဒမထေရ်သည် သာသနာပြု လုပ်ငန်းအောင်မြင်ရန် အချိန်စောင့်ဆိုင်းနေခဲ့ရသည်။ သာသနာပြုစေလွှတ်သောအချိန်က သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ မုဋသိဝမင်း အုပ်ချုပ်နေသည်။ မုဋသိဝမင်းသည် အိုမင်းခဲ့ပြီဖြစ်၍ သာသနာတော်ကို ချီးမြှောက်ရန် မစွမ်းနိုင်တော့ပေ။ ထိုမင်းမရှိလျှင် သားတော် ဒေဝါနံပိယတိဿမင်း နန်းတက်ပေမည်။ ထိုမင်းသည် ပျိုရွယ်သူဖြစ်၍ သာသနာတော်ကို ကောင်းစွာ ချီးမြှောက်နိုင်ပေမည်။ ဤသို့သောအကြောင်းကြောင့် ဆိုင်းငံ့နေတော်မူခြင်း ဖြစ်သည်။

**သီရိလင်္ကာသို့ကြွတော်မူသည်**

အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ သာသနာတော်နှစ် ၂၃၆ ခု၊ နယုန်လပြည့်နေ့ရောက်၍ လပြည့်ကျော် ၁ ရက်နေ့မှစ၍ မင်းနှင့်တကွ လူအပေါင်းကိုသာသနာတော်၌ သက်ဝင်ယုံကြည်စေသည်။ အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသားများစွာသော ရဟန်းသာမဏေတို့ကို ဘုရားစကားတော်ဖြစ်သော ပိဋကသုံးပုံကို သင်ကြားပို့ချပေးတော်မူသည်။ ထိုရဟန်းသာမဏေတို့၏ စိတ်နှလုံး၌ ပရိယတ္တိသာသနာတော်ကို တည်စေတော်မူသည်။

ဒေဝါနံပိယတိဿ မင်းသည် သာသနိကအဆောက်အအုံများဖြစ်သော စေတီတော်၊ ပုထိုး၊ သိမ်ကျောင်းတို့ကို တည်ဆောက် လှူဒါန်းခဲ့သည်။ ဤသို့လျှင် သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒ၊ အရှင်အရိဋ္ဌအမှူးပြုသော မထေရ်တို့သည် ပရိယတ္တိသာသနာတော်ကြီး ကွယ်ပျောက်မသွားအောင် နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြသည်။ သာသနာတော်ကို ချီးမြှောက်ထောက်ပင့်၍ သာသနာပြုခဲ့သော ဒေဝါနံပိယတိဿမင်းကြီးသည် နန်းစံသက် ၄၄ နှစ်၊ သာသနာတော်နှစ် ၂၇၉ ခုနှစ်အရောက်တွင် နတ်ရွာစံလေသည်။

**ဝဋ္ဋဂါမဏိမင်း နန်းတက်ခြင်း**

ဒေဝါနံပိယတိဿမင်း နတ်ရွာစံပြီးနောက် သာသနာတော်နှစ် ၄၃၀ ပြည့်နှစ်တွင် သဒ္ဓါတိဿမင်းကြီး၏ သားတော် ဝဋ္ဋဂါမဏိမင်းကြီး နန်းတက်လေသည်။ ထိုမင်းနန်းတက်၍ ငါးလရှိသောအခါ တစ်ပြည်လုံး တုန်လှုပ်ချောက်ချားကြီးမားလှသောဖြဟ္မဏတိဿမည်သော ဒွန်းစဏ္ဍားသူပုန် ဘေးကြီးနှင့် ကြုံရလေသည်။ သီဟိုဠ်ကျွန်းတွင် သူပုန်ဘေးကြီးနှင့် ကြုံရုံမက မိုးလေဝသခေါင်းပါးသဖြင့် အစာအာဟာရ ရှားပါးခြင်းဘေးဟု ကြုံရလေတော့သည်။ ပြည်သူပြည်သားများ ဒုက္ခတွေ့ရသောအခါ ရဟန်းသံဃာတော်များအတွက် ဆွမ်းအစရှိသည့် ပစ္စည်းလေးပါး လွန်စွာရှားပါးလာရတော့သည်။

**အသက်နှင့်လဲ၍ သာသနာစောင့်ရှောက်**

သံဃာတော်များတွင် ခြောက်ကျိပ်သော သံဃာတို့က "အရှင်ဘုရားတို့သာ ဇမ္ဗူဒိပ်သို့ ကူးတော်မူကြပါ၊ တပည့်တော်များ သီဟိုဠ်ကျွန်းမှာ နေရစ်ပြီး စားရသမျှ အာဟာရနှင့်ပင် မျှတ၍ ဘုရားစကားတော်တည်းဟူသော ပိဋကသုံးပုံကို မပျောက်ရအောင် စောင့်ရှောက်ရစ်ကြပါမည်" ဟု လျှောက်ထားကာ သင်္ဘောဆိပ်မှ ပြန်ကြွတော်မူကြသည်။ နေရစ်ကြသော သံဃာတော်တို့သည် သီဟိုဠ်ကျွန်း ဒက္ခိဏမလယဇနပုဒ်သို့သွား၍ သစ်ရွက် သစ်သီး၊ သစ်ဥတို့ကို ဘုဉ်းပေး၍ ၁၂ နှစ်တိုင်တိုင် ဘုရားစကားတော်တည်းဟူသော ပိဋကသုံးပုံကို နှုတ်တက် အာဂုံဆောင်၍ စောင့်ရှောက်တော်မူကြသည်။ ဆာလောင်ခြင်း ပြင်းပြလှသောအခါ နှုတ်ဖြင့် မရွတ်ဆိုနိုင်၍ ဝမ်းဗိုက်အောက်မှာ သဲပုံ၊ သဲထုပ်ထား၍ စိတ်ဖြင့်သာ ဆင်ခြင်တော်မူကြသည်။ ဤသို့ ပင်ပန်းကြီးစွာ ၁၂ နှစ်တိုင်တိုင် ပိဋကသုံးပုံကို မပျောက်ပျက်အောင် ဆောင်တော်မူခဲ့ကြသည်။ သာသနာတော်အတွက် အသက်နှင့်လဲ၍ ဆောင်ရွက်တော်မူကြသဖြင့် သာသနာ့ထိပ်ခေါင်တင် ကျေးဇူးရှင်ကြီးများ ဖြစ်တော်မူကြလေသည်။

**နှစ်မူမကွဲ တစ်မူတည်း**

၁၂ နှစ်ကြာ သူပုန်ဘေးကြီးငြိမ်းအေး၍ သာယာဝပြောစွာရှိသောအခါ ဇမ္ဗူဒိပ်သို့ ကြွသောအရှင်တို့သည် သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာတော်မူကြသည်။ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သော ရဟန်းတော်များနှင့်အတူ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံပါဠိတို့ကို တိုက်ဆိုင်ညှိနှိုင်းတော်မူကြရာ နှစ်မူမကွဲ တစ်မူတည်းပင် ဖြစ်သည်။ ပထမသင်္ဂါယနာ တင်ပြီးချိန်ကစ၍ တာဝန်ခွဲဝေ၍ နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြသည်မှာ ပဋိသမ္ဘိဒါပတ္တတေဝိဇ္ဇစသော ရဟန္တာအရှင်မြတ်များဖြစ်၍ သတိ, သမာဓိအား ကောင်းလှသဖြင့် ဆောင်နိုင်ခြင်းဖြစ်သည်။ ဤသို့ ဆရာတပည့် အဆက်ဆက် ပိဋကတ်တော်များကို မူလမပျက် သန့်ရှင်းစွာ တည်ရှိစေရန် နှုတ်တက် အာဂုံဆောင်တော်မူခဲ့ကြသည်မှာ ၄၅၅ နှစ်ပင် ကြာမြင့်ခဲ့သည်။ အရှင်မြတ်ကြီးများသည် အနာဂတ် သာသနာရေးအတွက် စိတ်မအေးသဖြင့် ဆင်ခြင်တော်မူကြည့်ရာ 'နောင်တွင် သတ္တဝါတို့သည် သတိ၊ ပညာ၊ သမာဓိတရားများ အားနည်းယုတ်လျော့၍ ပိဋကတ်တော်တို့ကို နှုတ်တက်အာဂုံ ဆောင်နိုင်တော့မည်မဟုတ်'ဟု ဆင်ခြင်သိမြင်တော်မူကြသည်။

**စတုတ္ထသင်္ဂါယနာတင်ခြင်း**

ဤသို့ဆင်ခြင်တော်မူကြပြီး ရဟန္တာမထေရ်မြတ်ကြီး ၅၀၀ တို့သည် ဝဋ္ဋဂါမဏိမင်းကြီးကို အမှီပြု၍ သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောက လိုဏ်ဂူ၌ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံတို့ကို ပေထက်တွင်ရေးသား၍ ပေထက်အက္ခရာတင်တော်မူကြသည်။ ပေထက်အက္ခရာတင်ပြီးလျှင် အမှားအယွင်း မရှိရအောင် အကြိမ်တစ်ရာတိုင် တိုက်ဆိုင်တည်းဖြတ်တော်မူကြသည်။

**စတုတ္ထသင်္ဂါယနာ၏အမွေ**

သာသနာတော်နှစ် ၄၅၀ ပြည့်နှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) မလယဇနပုဒ် အာလောကလိုဏ်ဂူတွင် ရဟန္တာအရှင်မြတ် ၅၀၀ တို့သည် ဝဋ္ဋဂါမဏိမင်းကြီး၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် စတုတ္ထသင်္ဂါယနာကို တင်တော်မူခဲ့ကြသည်။ ထို့ပြင် ဘုရားဟော ပါဠိတော်ကျမ်းများနှင့် အဖွင့်အဋ္ဌကထာကျမ်းများကို နောင်လာနောက်သားတို့ သင်ကြား/ သင်ယူရ လွယ်ကူစေရန် ပေထက်တွင် ရေးသားတော်မူကာ အကြိမ်ကြိမ် တိုက်ဆိုင်စိစစ်၍အတည်ပြုတော်မူခဲ့ကြသဖြင့် ပထမဆုံးသော ပိဋကတ်တော်ပေမူများ ပေါ်ထွန်းလာခဲ့ပြီး ထိုပေမူများသည်စတုတ္ထသင်္ဂါယနာ၏ အမွေအနှစ်ပင် ဖြစ်ပေသည်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ကျင်းပသည့် နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်




**နေပြည်တော် ဧပြီ ၂၆**

အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ "နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲ"ကို ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ဧပြီ ၂၄ ရက်တွင် ကျင်းပခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို ဘေးကင်း၍ လုံခြုံစိတ်ချရပြီး စည်းကမ်းတကျဖြစ်သော အလုပ်သမားရွှေ့ပြောင်းသွားလာမှုကို တိုးမြှင့်ရန်နှင့် အလုပ်သမားများအနေဖြင့် တရားမျှတသောလုပ်သားစုဆောင်းမှု၊ အလုပ်အကိုင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ ရရှိစေရန်၊ အကျပ်အတည်းများ၊ ဘေးအန္တရာယ်များနှင့် ရာသီဥတုဒဏ်ခံရသော အခြေအနေများအပါအဝင် ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများတစ်လျှောက် အန္တရာယ်များကို လျှော့ချရန်၊ ကျွမ်းကျင်မှုအသိအမှတ်ပြုခြင်း၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ လွှဲပြောင်းသုံးစွဲနိုင်ခြင်းနှင့် ရွှေ့ပြောင်းသွားလာမှုစည်းမျဉ်းများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများကို ဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှကိုယ်စားလှယ်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားရွှေ့ပြောင်းသွားလာမှုနှင့် အကာအကွယ်ပေးမှုအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများအပါအဝင် မိတ်ဖက်ဆောင်ရွက်မှုကဏ္ဍ၊ အလုပ်သမားရွှေ့ပြောင်းသွားလာမှုနှင့် အကာအကွယ်ပေးမှုကဏ္ဍ၊ အကျပ်အတည်း၊ ရာသီဥတုနှင့် ကျန်းမာရေးကဏ္ဍ သုံးရပ်တို့ကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကာလရှည်ကြာစွာ ဒေသတွင်းမိတ်ဖက်နိုင်ငံများအဖြစ် ရှိနေကြသော်လည်း ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ နည်းပညာပိုင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ၊ အတွေ့အကြုံဖလှယ်မှုများတွင် ကွာဟချက်များကျန်ရှိနေမှုအပေါ် ဆက်စပ်အကောင်အထည်ဖော်နိုင်ရေး ပိုမိုရင်းနှီးစွာပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ နည်းပညာပိုင်းဆိုင်ရာထိတွေ့မှုများနှင့် အတွေ့အကြုံဖလှယ်မှုများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ အရှေ့တောင်အာရှ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်သမားရွှေ့ပြောင်းသွားလာမှု၏ အရေးပါပုံနှင့် အာဆီယံအနေဖြင့် ဘေးကင်းပြီး ပုံမှန်ဖြစ်သော အလုပ်သမား ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများကို တိုးမြှင့်ခြင်းအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များ၊ ကျင့်ဝတ်နှင့်ညီသည့် အလုပ်သမားစုဆောင်းမှုနှင့် နေရပ်ပြန်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည့်အစီအမံများ၊ ဒစ်ဂျစ်တယ်အသုံးပြုရသော အလုပ်အကိုင်ပုံစံသစ်များ၏စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့် အိမ်တွင်းအထောက်အကူပြု အလုပ်သမားများအား သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်း၊ ကလေးသူငယ်စောင့်ရှောက်မှုလုပ်ငန်း၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုများကို အသိအမှတ်ပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ သင်တန်းများ ပို့ချခြင်းအပါအဝင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုမြှင့်တင်အကောင်အထည်ဖော်နိုင်ရေး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာခြင်းကို ဒေသတွင်းစီးပွားရေးနှင့် ချိတ်ဆက်ပြီး ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် စေလွှတ်နိုင်ငံနှင့် လက်ခံနိုင်ငံများအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေး လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ရောက်ရှိခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမှုများ၊ လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကျရောက်မှုကြောင့် နေရပ်စွန့်ခွာမှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု စသည်တို့အပေါ် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် သာဓကများ၊ ရရှိခဲ့သည့်သင်ခန်းစာများကို မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲကာလအတွင်း အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလုပ်သမားရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအပေါ် ILO စုံစမ်းစစ်ဆေးရေးကော်မရှင်၏အကြံပြုတိုက်တွန်းချက်များကို မြန်မာနိုင်ငံမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေ မှတ်တမ်းစာအုပ်များ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့နှင့် သီးခြားစီတွေ့ဆုံ၍ ဆောင်ရွက်ဆဲနှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာအမျိုးသားလေကြောင်း မြိတ်-ထားဝယ်-မြိတ် ခရီးစဉ် ပျံသန်းပြေးဆွဲ

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသား လေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် L–410 လေယာဉ်ငယ်များဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့များသို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကို အခြေပြု၍ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့များသို့ လည်းကောင်း ဧပြီ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။

မြန်မာအမျိုးသားလေကြောင်းသည် အဆိုပါ L–410 လေယာဉ်ဖြင့် ယနေ့ နံနက် ၈ နာရီတွင် မြိတ်မြို့မှ ခရီးသည် ၁၄ ဦး တင်ဆောင်၍ ထားဝယ်သို့ ပျံသန်းထွက်ခွာခဲ့ရာ ၈ နာရီ ၄၅ မိနစ်တွင် ထားဝယ်သို့ ရောက်ရှိပြီး ထားဝယ်လေဆိပ်တွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခရီးစဉ်သစ်ပျံသန်းပြေးဆွဲမှုကို အခမ်းအနားဖြင့် ကြိုဆိုကြကာ အဆိုပါလေယာဉ်သည် နံနက် ၁၀ နာရီတွင် ထားဝယ်မှ ခရီးသည် ၁၆ ဦး တင်ဆောင်၍ မြိတ်မြို့သို့ ပျံသန်းထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ ၅၂ မိနစ်တွင်ပြန်လည်ရောက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## တနိုင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**တနိုင်း ဧပြီ ၂၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် အစိုးရသစ်ကာလ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးမှုကို ဧပြီ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ တနိုင်းမြို့ပေါ် ရပ်ကွက်များတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

တနိုင်းမြို့ မုန်ဒိန်ကောင်းရပ်ကွက်၌ ဧပြီ ၂၄ ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်များကွင်းဆင်းဆောင်ရွက်နေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကောင်ဆိုင်းလ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွန်း၊ ဒုတိယခရိုင်မှူး ဦးဘောက်နော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး၊ အဖွဲ့ဝင် ဗိုလ်မှူးတေဇအောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မနောမြေ(တနိုင်း)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန် - မန္တလေး အမြန်လမ်းရှိ ဒုဋ္ဌဝတီတံတား အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် လမ်း ၊ တံတားများ ပြုပြင်ဆောင်ရွက်နေသည့်အခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် – မန္တလေး အမြန်လမ်း၏ မိုင်တိုင်အမှတ် (၃၆၆/၃)မှ (၃၆၁/၃) အကြားရှိ မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းများ ပြန်လည်ပြုပြင်ပြီးစီး၍ ကတ္တရာ ကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေ၊ လမ်းဘေးဝဲ/ယာ မြေသား အမာခံရရှိရေး ဆောင်ရွက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၃၆၀/၀)ရှိ မြစ်ဆွတ်ချောင်းတံတားသို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးစေရေးအတွက် လုပ်ငန်းလိုအပ်ချက်များကိုမေးမြန်းဆွေးနွေး၍ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတား(၁၀၀၀ ပေ)အသစ် ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှမန္တလေးမြို့သို့တိုက်ရိုက်သွားလာနိုင်ရန်အတွက် ဒုဋ္ဌဝတီတံတား တည်ဆောက်ပြီးစီးရန် လိုအပ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် တံတားပြိုကျပျက်စီး၍ လမ်းပန်းဆက်သွယ်မှုပြတ်တောက်နေသဖြင့် ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့် ပတ်၍ မန္တလေးမြို့သို့ သွားလာနေရသောကြောင့် လေးလမ်းသွား တံတားဆောင်ရွက်နေခြင်းတွင် အပြန်လမ်းဘက်မှ နှစ်လမ်းသွား တံတားကို ၂၀၂၆ ခုနှစ်ကုန်မတိုင်မီ ပြီးစီးအောင်တွန်းအားပေးဆောင်ရွက်၍ လမ်းပန်းဆက်သွယ်မှုရရှိအောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တံတားတည်ရှိသည့်နေရာသည် ပြင်းထန်သည့်လှုပ်ခါမှုကြောင့် အစိုင်အခဲမှ ရွံ့ညွှန်ကဲ့သို့ ဂုဏ်သတ္တိပြောင်းလဲခြင်းဖြစ်စဉ်(liquefaction)ဖြစ်နိုင်ခြေများသော မြေအမျိုးအစားဖြစ်သောကြောင့် လိုအပ်သည့် တွက်ချက်မှုများ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တံတားပြီးစီးသည်နှင့် တစ်ပြိုင်တည်း ရန်ကုန်မှမန္တလေးသို့ အမြန်လမ်းအတိုင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် လမ်းတစ်လျှောက်ရှိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဟန်ချက်ညီစွာ ပြီးစီးစေရေး လမ်းပိုင်းအလိုက်တာဝန်ခံများနှင့် ညွှန်ကြားရေးမှူးချုပ်တို့က စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားကာ လုပ်ငန်းခွင်အတွင်း အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) မိုင်တိုင်အမှတ်(၃၅၅/၀)ရှိ ယုဇနတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အသေးစိတ် ဆွေးနွေးမေးမြန်းပြီး လုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။ ယခုတည်ဆောက်နေသော ယုဇနတံတားသည် အရှည်ပေ ၂၂၀ ရှိပြီး၊ အကျယ် ၂၇ ပေ ရှိသော နှစ်လမ်းသွားတံတားဖြစ်၍ ၂၀၂၅ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ပြီးစီးစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း)အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ လမ်းတစ်လျှောက်တွင် အမာခံလမ်းပခုံးများ ဆောင်ရွက်ပြီးစီးသည့်အခြေအနေ၊ လမ်းအင်္ဂါရပ်နှင့်ကိုက်ညီစေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



## ကျိုက်ထိုမြို့နယ်တွင် Fire Hotspot ဖြစ်ပွားမှုလျော့နည်းပပျောက်ရေး အသိပညာပေး ဟောပြော

ကျိုက်ထို မေ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် Fire Hotspot ဖြစ်ပွားမှုလျော့နည်းပပျောက်ရေး၊ တောမီးလောင်ကျွမ်းမှုမရှိစေရေး ထိန်းသိမ်းကာကွယ်ခြင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာ အောင်ဦးအထပ်သားစက်ရုံ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းအောင်နိုင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုး/မြူငွေ့လျှော့ချရေး၊ Fire Hotspot ဖြစ်ပွားမှုလျှော့ချရေးတို့ကို ဟောပြောဆွေးနွေးရာ တက်ရောက်လာသည့် စက်ရုံဝန်ထမ်းများနှင့် ဒေသခံများက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် သစ်တောဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## အုတ်ဖိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး



အုတ်ဖို မေ ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ ရွာသစ်ရပ်ကွက် ကျောင်းကြီးကျောင်းဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းတွင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများက ရွာသစ်ရပ်ကွက်အတွင်း နေထိုင်ကြသော ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID အချက်အလက် ကောက်ယူခြင်းများကို နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ရက်(၁၀၀) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အုတ်ဖိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက် ကောက်ယူခြင်းများကို သက်ဆိုင်ရာမြို့နယ်ရုံး၌ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

## မင်းတုန်းမြို့ စည်ပင်သာယာဈေးတွင် မီးဘေးလုံခြုံရေးစစ်ဆေး

မင်းတုန်း မေ ၂၆

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ မြို့နယ်စည်ပင်သာယာဈေးတွင် ယနေ့နံနက် ၈ နာရီက မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဈေးပိတ်ချိန် လျှပ်စစ်မီးကြိုးများ၊ မီးခလုတ်များ စစ်ဆေးခြင်းနှင့် မီးကြွင်းမီးကျန်များ မရှိစေရေး၊ မီးလောင်လွယ်သောပစ္စည်းများ စုပုံထားရှိမှုမရှိစေရေး၊ ကုန်ပစ္စည်းများ အဆမတန်သိုလှောင်ထားရှိမှုမရှိစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ရှိစေရေးတို့အတွက် လိုက်လံစစ်ဆေးသတိပေးဆော်သြခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ချင်းကလေး(NRDC)**



## ဟဲဟိုးမြို့၌ ပြည်သူများ သွားကျန်းမာရေးကွင်းဆင်းကုသပေး

ကလော မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ တိုက်နယ်ခန်းမ၌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ သွားဘက်ဆိုင်ရာ ပါမောက္ခများ ဦးဆောင်သော ဘွဲ့လွန်သင်တန်းသား ဆရာဝန်များအဖွဲ့သည် မေ ၂၆ ရက် နံနက် ၈ နာရီခွဲမှစ၍ ပြည်သူများအား သွားကျန်းမာရေးဆိုင်ရာ အခမဲ့ကုသပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခများနှင့် ဟဲဟိုးတိုက်တာဝန်ခံဆရာဝန် ဒေါက်တာ အာကာမြင့်၊ မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် လူမှုရေးအသင်းအဖွဲ့တို့ပူးပေါင်း၍ ဟဲဟိုးမြို့ပြည်သူများအား သွားကျန်းမာရေးဆိုင်ရာ ကုသစမ်းသပ်ပေးခြင်း၊ သွားကျန်းမာရေး အကြောင်း အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျန်းမာအောင်နေ တောက်ပြောင်အောင်ဆည်းပူး ကျေပွန်အောင်ကြိုးပမ်း

ကိုယဉ်ချစ် (မန္တလေး)

လူတိုင်း အသက်ရှင်ရပ်တည်နေရသည့်အချိန်၌ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းများနှင့်ပြည့်စုံ၍ အေးချမ်းစွာဖြင့် လွတ်လပ်ပျော်ရွှင်စွာနေထိုင်လိုကြသူများချည်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မတူညီကြသည့်ဘဝများတွင် ရည်ရွယ်ချက်ကိုယ်စီဖြင့် စား၊ ဝတ်၊ နေရေးအတွက် အလုပ်များကို လုပ်ကိုင်နေကြသည်။

> **“လူ့ဘဝသို့ရောက်ရှိလာချိန်တွင် ရခဲလှသည့်လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်အောင် ကြိုးစားအားထုတ်ကြရပါမည်။ စားဝတ်နေရေးအတွက် လူတိုင်းအလုပ်လုပ်ကြရသည်။ ကိုယ်ပိုင်အလုပ်၊ အစိုးရဌာနဆိုင်ရာအလုပ်၊ သူတစ်ပါးထံတွင် လက်ခစားအလုပ် စသည့်အလုပ်များကို လုပ်ကိုင်ကြသည်။ မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ၊ တာဝန်ကျေပွန်အောင် လုပ်ကိုင်ကြရပါမည်။ တိုးတက်အောင်မြင်သူများသည် မည်သည့်အလုပ်ကိုမဆို အသေးအဖွဲဟု မသတ်မှတ်ဘဲ အလေးအနက်ထား၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်သူများဖြစ်”**

မည်သူမဆို မည်သည့်ဘဝ၊ မည်သည့်အခြေအနေတွင် မည်သို့ရပ်တည်နေထိုင်ရသည်ဖြစ်စေ အဓိကအရေးမှာ ကျန်းမာရေးကောင်းမွန်နေရန် လိုအပ်ပါသည်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်၊ စိတ်ချမ်းသာမှ လိုရာခရီးပြီးမြောက်နိုင်သည်ဟု ဆိုရိုးစကားလည်းရှိခဲ့သည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ မိမိဘဝရပ်တည်ရှင်သန်ရေးကို စိတ်တိုင်းကျပြုလုပ်နိုင်မည်ဖြစ်သည်။ ရာထူးဂုဏ်ရှိန် ဥစ္စာခနစည်းစိမ်များ မည်မျှပင် ပြည့်စုံနေသည်ဖြစ်စေ ကျန်းမာရေးမကောင်းပါက စိတ်သွားတိုင်းကိုယ်မပါဘဲ ဘဝခရီးလမ်းကို ချောမွေ့စွာ လျှောက်လှမ်းနိုင်မည်မဟုတ်ပါ။

ဗုဒ္ဓမြတ်စွာဘုရားက “အာရောဂျံ ပရမံ လာဘံ” ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်ဟု ဟောကြားတော်မူခဲ့သည်။ ကျန်းမာရေးကောင်းမှသာ မိမိရရှိလိုသည့် ဥစ္စာပစ္စည်း စည်းစိမ်များကို အလွယ်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။

ရဟန်းသံဃာများကို လှူဒါန်းကြသည့် ပစ္စည်းလေးပါးတွင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟု ကျန်းမာရေးအတွက် အရေးပါသည့်ဆေးကို ထည့်သွင်းထားပါသည်။ ရုပ်တရားရှိသမျှ ဝေဒနာရှိကြောင်းနှင့် ကျန်းမာခြင်းသည် ကောင်းမြတ်သည့် မင်္ဂလာဖြစ်ကြောင်း မြတ်စွာဘုရားက မာဂဏ္ဍီပရိဗိုဇ်ကြီးအား ဟောကြားတော်မူခဲ့သည်ကို နာကြားရပါသည်။

မြန်မာတို့သည် တစ်ဦးအပေါ်တစ်ဦး ဆုတောင်းမေတ္တာပို့သကြရာတွင်လည်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေဟု ကျန်းမာရေးကို ရှေ့ဆုံးမှထားပြီး မေတ္တာပို့ကြပါသည်။ မြန်မာလူမျိုးတို့သည် မိမိကိုယ်မိမိ ကျန်းမာရေးကောင်းလိုသကဲ့သို့ သူတစ်ပါးကိုလည်း ကျန်းမာစေချင်သောစိတ်ထားရှိကြသည်မှာ ထင်ရှားပါသည်။

**ကျန်းမာအောင်နေ**

ကျန်းမာခြင်းဆိုရာတွင် စိတ်ကျန်းမာရေးနှင့် ကိုယ်ကျန်းမာရေးဟု နှစ်မျိုးသတ်မှတ်နိုင်ပါသည်။ စိတ်ကျန်းမာစေရန်မှာ မွန်မြတ်သန့်စင်ပြီး ကြည်လင်သောစိတ်ထားမွေးမြူခြင်း၊ မကောင်းသည့်စိတ်များ ဝင်မလာစေရန် သတိဖြင့်ဆင်ခြင်နေထိုင်ခြင်း၊ အများအပေါ်တွင် မေတ္တာထားခြင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် နားလည်ပေးခြင်း၊ မတရားလောဘများကို ချုပ်တည်းထားခြင်း၊ ဖြစ်တတ်ပျက်တတ်သည့် မမြဲသောတရားသဘောကို ဆင်ခြင်အားထုတ်ခြင်းနှင့် စိတ်ညစ်ညူးစေမည့်ကိစ္စများကို ခေါင်းထဲမထည့်ခြင်း စသည်တို့ကို နှလုံးသွင်းနေထိုင်ခြင်းဖြစ်ပါသည်။

ကိုယ်ကျန်းမာစေရန်မှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုနေထိုင်ခြင်း၊ ရေများများသောက်ခြင်း၊ ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာအရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကိုမပြုခြင်း၊ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ အစားအစာများကို သင့်တင့်မျှတအောင်စားသုံးခြင်းနှင့် စိတ်ကိုခွန်အားဖြစ်စေမည့်စာပေများဖတ်ရှု၍ အသိပညာဗဟုသုတများကို သင်ယူလေ့လာဆည်းပူးခြင်းများကို လုပ်ဆောင်သင့်ပါသည်။

သက်ရှိသတ္တဝါမှန်သမျှတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသည့် အကြောင်းတရားလေးပါး အပေါ်၌ တည်မှီ၍ အသက်ရှင်နေကြရသည်။ ကံဆိုသည်မှာ ကိုယ်၊ နှုတ်၊ စိတ်တစ်ခုခုဖြင့် ပြုလုပ်သည့်အမှု၊ ကောင်းကျိုး၊ ဆိုးကျိုးဖြစ်စေသော အကြောင်းတရားများဖြစ်ပါသည်။ ကံသည် ကမ္မဆိုသည့် ပါဠိစကားမှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ အလုပ်ဖြစ်သည်။ ကောင်းမွန်သည့်အလုပ်ကို လုပ်ပါက ကောင်းကျိုးကိုခံစားရမည်ဖြစ်ပြီး မကောင်းသည့်အလုပ်ကိုပြုမိပါက ဆိုးကျိုးကိုသာ ခံစားရပါမည်။ စိတ်ဆိုသည်မှာ အာရုံကိုသိတတ်သော သဘောတရား၊ သဘောထားနှင့် စွဲလမ်းချက်ဖြစ်သည်။ စိတ်ကြည်လင်သန့်ရှင်းနေပါက ကျန်းမာရေးကို အထောက်အကူပြုစေပါသည်။

ဥတုဆိုသည်မှာ တစ်နှစ်ကို သုံးပိုင်းခွဲခြား၍ နွေ၊ မိုး၊ ဆောင်း ဟူသောကာလကိုဆိုပါသည်။ ဥတုသုံးပါးနှင့်ကိုက်ညီသည့် စားသောက်မှု၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုများက ကျန်းမာရေးအတွက် အကောင်းဆုံးနည်းလမ်းများဖြစ်ပါသည်။ အာဟာရဆိုသည်မှာ အစားအစာ၊ အသွေးအသား၊ အင်အား စသည်တို့ကို ဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်သည်။ အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် အစားအစာများကို နေ့စဉ်စားသုံးနေကြသည်။ စားသောက်သည့်အစားအစာများက မိမိ၏ကိုယ်ခန္ဓာ၊ ကျန်းမာရေးနှင့် သင့် မသင့်၊ ဘေးအန္တရာယ်ရှိ မရှိ ချင့်ချိန်စားသောက်တတ်ရန် လိုပါသည်။ အစားအသောက်မှား၍ ရောဂါဖြစ်ခြင်း၊ အသက်ဆုံးရှုံးရခြင်းများကို ကြားဖူး၊ ကြုံဖူးကြပါလိမ့်မည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို သင့်တင့်မျှတအောင် သုံးစွဲကြရန်လိုပါသည်။

စိတ်ရောကိုယ်ပါ ကျန်းမာနေမှသာ မိမိ၏ရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ပါမည်။ ကိုယ်ကျန်းမာသော်လည်း စိတ်မချမ်းသာရသူ၊ ကိုယ်လည်းမကျန်းမာ စိတ်လည်းမချမ်းသာသူများသည် လက်ရှိဘဝမှာရော အနာဂတ်ဘဝများအထိပါ ဆိုးကျိုးများကို ခံစားရတတ်ပါသည်။ တစ်နည်းအားဖြင့် စိတ်သွားတိုင်းကိုယ်မပါ ဆိုစကားကဲ့သို့ မပြည့်စုံသည့်ဘဝ၌သာ ရှင်သန်နေရတတ်ပါသည်။ တစ်ကိုယ်ရေကျန်းမာရေးမှသည် မိသားစုကျန်းမာရေး၊ နိုင်ငံသားတိုင်း၏ကျန်းမာရေး၊ လူသားတစ်ရပ်လုံး၏ ကျန်းမာရေးကောင်းမွန်ရေးက ရခဲလှသည့်လူ့ဘဝတွင် အလွန်အရေးကြီးခြင်းကြောင့် လူတိုင်း ကျန်းမာအောင်နေထိုင်ကြရမည်ဖြစ်ပါသည်။

**တောက်ပြောင်အောင်ဆည်းပူး**

လူတိုင်းသည်မိမိဘဝကို တိုးတက်အောင်မြင်မှုများဖြင့် ရပ်တည်လိုကြသည်။ တိုးတက်အောင်မြင်ခြင်း၏ အခြေခံအကြောင်းရင်းမှာ ပညာတတ်မြောက်ခြင်း၊ အလုပ်ကို ဖွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်၍ ကြိုးစားလုပ်ကိုင်နိုင်ခြင်းနှင့် ခွန်အားစိုက်ထုတ်လုပ်ကိုင်ခြင်းတို့ဖြစ်သည်။ ပညာဆိုသည်မှာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အင်းဝခေတ်စာဆို ရှင်မဟာသီလဝံသက ပညာဟူသော်ကား အကျိုးအကြောင်း၊ အကောင်းအဆိုး၊ အကျိုးအပြစ်၊ တရားခြင်း၊ မတရားခြင်း၊ မှန်ခြင်း၊ မှားခြင်း၊ အကျိုးရှိခြင်း၊ အကျိုးမဲ့ခြင်း စသည်တို့ကို ခွဲခြားနိုင်စွမ်းရှိခြင်းဟု ဆိုခဲ့ပါသည်။

ပညာသည် လေ့လာသင်ယူဆည်းပူးခြင်းမှ ရရှိလာသည့်အသိကိုအခြေခံ၍ ပိုမိုကောင်းမွန်လာရန် စဉ်းစားဆင်ခြင် လုပ်ကိုင်ဆောင်ရွက်မှုစွမ်းရည်ဖြစ်သည်။ ထိုစွမ်းရည်သည် အခက်အခဲပြဿနာများ ကြုံတွေ့လာရသည့်အခါတွင် လည်းကောင်း၊ ဘဝတိုးတက်အောင်မြင်မှုအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း တည်ငြိမ်စွာ ဖြေရှင်းဆောင်ရွက်နိုင်ပါသည်။

ပညာကို အသိပညာ (ဝိဇ္ဇာပညာ) နှင့် အတတ်ပညာ (အသက်မွေးမှုအတတ်ပညာ) ဟု ခွဲခြားနိုင်ပါသည်။ မျက်မှောက်ကာလတွင် နည်းပညာများ ထွန်းကားလာသဖြင့် နည်းပညာသည်လည်း အရေးပါလာပါသည်။ အသိပညာ၏အခြေခံမှာ မိဘများ၏ သွန်သင်ပြသမှု၊ ကျောင်းစာသင်ယူခြင်းတို့မှ ရရှိနိုင်သည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် တစ်ဦးနှင့်တစ်ဦး ပညာတတ်မြောက်မှုမတူညီဘဲ ကွာခြားသွားကြပါသည်။

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုစကားအရ ပညာကို အရွယ်သုံးပါးစလုံးတွင် သင်ယူလေ့လာနေကြရပါမည်။ မည်သူမဆို မွေးကင်းစအရွယ်ကတည်းက ပညာအားလုံး တတ်မြောက်သူဟူ၍မရှိပါ။ အသက်အရွယ် အပိုင်းအခြားအလိုက် သင်ယူလေ့လာမှုများဖြင့် ဘဝကို ရပ်တည်နေကြရသူများသာဖြစ်ပါသည်။

ပထမအရွယ်၌ ကျောင်းစာများ သင်ယူတတ်မြောက်ပြီး၍ ဒုတိယအရွယ်တွင် စားဝတ်နေရေးအတွက် အလုပ်များလုပ်ကြရာ၌ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အတတ်ပညာများကို ဆက်လက်သင်ယူကြရပြန်ပါသည်။ ကျောင်းပညာရပ်များ မည်မျှပင် ထူးချွန်ထက်မြက်စေကာမူ လုပ်ငန်းခွင်၏ အတတ်ပညာများကို မဖြစ်မနေ သင်ယူကြရပါသည်။ မျက်မှောက်ကာလ၌ အသိပညာနှင့် အတတ်ပညာများကို သင်ယူလေ့လာကြရမည့်အပြင် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ နည်းပညာရပ်များကိုပါ ပူးတွဲသင်ယူလေ့လာကြရန်လည်း လိုပါသည်။

အသိပညာကို ကျောင်းစာများတွင်သာ ဆည်းပူးနိုင်သည်မဟုတ်ဘဲ စာပေဖတ်ရှုလေ့လာခြင်း၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ သင်တန်းများ တက်ရောက်ခြင်းနှင့် တရားပွဲများမှ ရရှိနိုင်ပါသည်။ ရရှိလာမည့်အသိပညာများက အကောင်းအဆိုး၊ အကြောင်းအကျိုးများကို ဝေဖန်ပိုင်းခြားနိုင်ပြီး မိမိတို့ဘဝရှေ့ခရီးအတွက် အထောက်အကူများ ရစေပါသည်။

အတတ်ပညာများကို နှုတ်မှု၊ လက်မှုများမှ သင်ယူရပါမည်။ လုပ်ငန်းခွင်တွင် အလုပ်လုပ်နေရင်း လုပ်ဖော်ကိုင်ဖက်များထံမှလည်းကောင်း၊ လုပ်ငန်းအတွေ့အကြုံများမှလည်းကောင်း ပညာများ ထပ်မံရရှိနိုင်ပါသည်။ ရရှိလာသည့် စာတွေ့၊ လက်တွေ့ အတွေ့အကြုံများဖြင့် လုပ်ငန်းတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သကဲ့သို့ ထပ်မံတွေ့ကြုံလာရမည့် ပညာရပ်များကိုလည်း ဆက်လက်ဆည်းပူးလေ့လာသင်ယူနိုင်ပါသည်။ အလားတူနည်းပညာရပ်များကို သင်ယူလေ့လာရန်မှာလည်း ထိုနည်းပညာများကြောင့် သင်ယူလေ့လာရန် မခက်ခဲနိုင်ပါ။ သင်ယူလိုစိတ်ရှိဖို့သာ လိုအပ်ပါသည်။

လူတိုင်းသည် တိုးတက်အောင်မြင်လိုကြသူများသာဖြစ်ပါသည်။ တိုးတက်အောင်မြင်ရန်အတွက် ရှိနေသည့်အခြေအနေတွင် ရပ်တန့်မနေဘဲ သင်ယူလေ့လာမှုများကို ဆည်းပူးနေမှသာ တောက်ပြောင်သည့်ဘဝကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

**ကျေပွန်အောင်ကြိုးပမ်း**

လူ့ဘဝသို့ရောက်ရှိလာချိန်တွင် ရခဲလှသည့် လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်အောင်ကြိုးစားအားထုတ်ကြရပါမည်။ စားဝတ်နေရေးအတွက် လူတိုင်းအလုပ်လုပ်ကြရသည်။ ကိုယ်ပိုင်အလုပ်၊ အစိုးရဌာနဆိုင်ရာအလုပ်၊ သူတစ်ပါးထံတွင် လက်ခစားအလုပ် စသည့်အလုပ်များကို လုပ်ကိုင်ကြသည်။ မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ၊ တာဝန်ကျေပွန်အောင် လုပ်ကိုင်ကြရပါမည်။ တိုးတက်အောင်မြင်သူများသည် မည်သည့်အလုပ်ကိုမဆို အသေးအဖွဲဟု မသတ်မှတ်ဘဲ အလေးအနက်ထား၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်သူများဖြစ်ကြပါသည်။

အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် ဆောင်ရွက်ရမည့်တာဝန်နှင့် ဝတ္တရားများရှိလာသည်။ တာဝန်ဆိုသည်မှာ ဆောင်ရွက်ရန်အမှုကိစ္စ၊ ဝတ္တရား။ ဝတ္တရားဆိုသည်မှာ ဆောင်ရွက်အပ်သောအမှုကိစ္စဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အနက်အဓိပ္ပာယ် တူသယောင်ဖြစ်သော်လည်း မတူညီပါ။ တာဝန်သည် တာဝန်ဖြစ်သည် (Duty is Duty) ဆိုသည့်အတိုင်း ပေးအပ်ခြင်းခံရသည်ဖြစ်၍ ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်သည်။ ဝတ္တရားမှာ ပေးဆပ်ရခြင်းဖြစ်၍ ပေးဆပ်နိုင်သမျှ ပေးဆပ်ရမည်ဖြစ်သည်။

သိင်္ဂါလသုတ်၌ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ်၊ မိတ်ဆွေဝတ်၊ သခင့်ဝတ်၊ ကျွန်ဝတ်၊ ရဟန်းဝတ်၊ ဒါယကာဝတ် စသည့်ကျင့်ဝတ်များကို ဖော်ပြထားသည်။ သင်္ဂဇာဆရာတော်ကြီးက သိင်္ဂါလောဝါဒ ဆုံးမစာတွင် **“လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့် ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ့၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ လေးရွာဖို့လုံးလုံး လူဖြစ်ရှုံး”**ဟု ဆုံးမခဲ့သည်။ ဆိုလိုသည်မှာ လှည်းဘီးကျွတ်မထွက်အောင် နားစောင့်ဖြင့် ထိန်းထားသကဲ့သို့ လူသားတိုင်းက လူ့ကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာရန် ဆုံးမခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လူတိုင်းသည် တိုးတက်အောင်မြင်လိုကြသည်။ တိုးတက်အောင်မြင်ရန် အရေးကြီးသည့်အချက်များသည် မိမိတို့ရနေသည့် လူ့ဘဝခဏတာတွင် ကျန်းမာအောင်နေ၊ တောက်ပြောင်အောင်ဆည်းပူး၊ ကျေပွန်အောင်ကြိုးပမ်းနေထိုင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား-**

မြန်မာအဘိဓာန်၊ မြန်မာစာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

ဦးအောင်သိန်း (နန်းညွန့်ဆွေ) တည်းဖြတ်သည့် ဟံသာဝတီဆုံးမစာပေါင်းချုပ်။

# ၂၀၂၆ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် စစ်တွေတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရမည်းသင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ် ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ကြီးမှူး၍ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ရွာတန်းလယ်သာအုပ်စုနှင့် ဆူးတပ်အုဖွိုလ်အုပ်စုတို့၌ ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ ရက်(၁၀၀)စီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရမည်းသင်းမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများက အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့် ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသည့် ပြည်သူများအား လုပ်ထုံး လုပ်နည်းများနှင့်အညီ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ရာ ရွာတန်းလယ်သာ အုပ်စုတွင် ၁၀ နှစ်ပြည့်ပြီးသူ ၅၃ ဦး၊ ၁၈ နှစ်ပြည့်သူနှစ်ဦး၊ ဆူးတပ်အုဖွိုလ်အုပ်စု အုဖွိုလ်ကျေးရွာရှိ ၁၀ နှစ်ပြည့်ပြီးသူ ၁၈ ဦးနှင့် ၁၈ နှစ်ပြည့်သူ တစ်ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကိုဇော်(ရမည်းသင်း)

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

မော်လမြိုင်ကျွန်း ဧပြီ ၂၆

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် သောက်သုံးရေ ဖြန့်ဝေလှူဒါန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဖြန့်ဝေလှူဒါန်းရာတွင် ရေတွင်းကုန်းကျေးရွာ၊ အလယ်ရေကျော်ကျေးရွာ၊ ကြက်ရာကျေးရွာနှင့် ကစောင်းကျေးရွာတို့ရှိ ဒေသခံပြည်သူများအား နွေရာသီအပူချိန် မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာသည့် ရေရှားပါးမှုအခက်အခဲများကို လျော့ပါးစေရန်နှင့် ကျေးရွာနေပြည်သူများ၏ နေ့စဉ်ဘဝ အဆင်ပြေချောမွေ့စေရန် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၄၈ ရွာ တစ်အိမ်ထောင်လျှင် ၁၀ ဂါလန်နှုန်းဖြင့် သောက်သုံးရေစုစုပေါင်း ဂါလန် ၄၈၅၃၀ ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာလင်းထံမှ သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သောသစ်ပင်များ အစားထိုးစိုက်ပျိုးမှု စဉ်ဆက်မပြတ် ဆောင်ရွက်ရန်လိုအပ်



**စစ်တွေ မေ ၂၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပျိုးဥယျာဉ်များတွင် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နည်းပညာ တက္ကသိုလ်(စစ်တွေ)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သစ်တောဦးစီးဌာန ခြံဝင်းအတွင်းရှိ ပျိုးဥယျာဉ်၌ ၂၀၂၆ ခုနှစ် မိုးရာသီတွင် ပြည်သူလူထုဖြန့်ဖြူးနိုင်ရန်အတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် ပရဆေးဥယျာဉ်အတွင်း၌ ဆေးဖက်ဝင်အပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ၊ သဘာဝဘေးဒဏ်ခံနိုင်သော သစ်ပင်များ၊ အရိပ်ရသစ်ပင်များကို ဦးစားပေး ပျိုးထောင်ထားကြရန်၊ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော သစ်ပင်များကို အစားထိုးစိုက်ပျိုးမှု စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်ကြီးထွားရေး အလေးပေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

**မှာကြား**

ထို့နောက် ပရဆေးဥယျာဉ်အတွင်း၌ ဆေးဖက်ဝင်အပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှု၊ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ မြေယာရှုခင်းများ ဖော်ဆောင်ရေးတို့တွင် သစ်ပင်ပန်းမန်များ စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ ပျိုးထောင်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)၌ နည်းပညာ တက္ကသိုလ်(စစ်တွေ)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများအနေဖြင့် လက်တွေ့ကျသော ဘာသာရပ်များကို သင်ကြားပေးလျက်ရှိခြင်းကြောင့် လက်တွေ့မြေပြင်တွင် စံချိန်စံညွှန်းနှင့်အညီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်အောင် သင်ကြားပေးကြစေလိုကြောင်း၊ အလားတူ ကျောင်းသား ကျောင်းသူများ အသိပညာ တိုးတက်မြင့်မားရေးအတွက် သုတ၊ ရသစာအုပ်များ လေ့လာဖတ်ရှုနိုင်ရေး ကျောင်းစာကြည့်တိုက်များ မြှင့်တင်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသော သင်ထောက်ကူ ပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များရှိပါကလည်း တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ) ကျောင်းအုပ်ကြီး ဒေါက်တာဦးကျော်ငြိမ်းက အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)၏ အချက်အလက်များ၊ နည်းပညာ တက္ကသိုလ်(စစ်တွေ)မှ ဌာနမှူး (စီမံ/ဘဏ္ဍာ) ဒေါ်ရီရီလှက နည်းပညာတက္ကသိုလ်(စစ်တွေ)၏ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ စာသင်ခန်း၊ အလုပ်ရုံနှင့် အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ လေပြင်းတိုက်ခတ်မှုကြောင့် ရုံး၊ ဌာန၊ အများပြည်သူသွားလာရာနေမျာတွင် သစ်ပင်ကြီးများ၊ ဓာတ်တိုင်များလဲကျခြင်း၊ သစ်ကိုင်းကျိုးကျခြင်းတို့ဖြစ်ပေါ်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ဖယ်ရှားရှင်းလင်း

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယမန်နေ့ ည ၁၀ နာရီခွဲ မှစတင်၍ ည ၁၁ နာရီအထိ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များရှိ သစ်ပင်များ၊ ဓာတ်တိုင်များ လဲကျ၍ ရုံး၊ ဌာနများနှင့် အများပြည်သူများသွား/ လာရာနေများတွင် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သဖြင့် ရှင်းလင်းရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှစ၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေး ပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် ဇော်ဂျွန်းလမ်းပေါ်ရှိ မန္တလေးဘုန်းတော်ကြီးကျောင်းအနီးတွင် မလေးရှားပိတောက်ပင်လဲကျ၍ ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ဂိတ်ပေါက်၌ လုံခြုံရေးအဆောက်အအုံအပေါ် တမာပင်လဲကျမှုကြောင့် မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်းရှိ သစ်ပင်ကြီးများပါ ခုတ်ထွင်ရှင်းလင်းထားရှိရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်အားကစားကွင်း အရှေ့ဘက်ရှိ ညာဘက်ခြမ်းပွဲကြည့်စင်အမိုး (အလျားပေ ၁၅၀၊ အနံပေ ၄၀ )ရှိ အမိုးအချပ်လိုက် ကားလမ်းမကျော်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအတွင်း ကျရောက်ခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရောဝတီဂရုဏာဖောင်ဒေးရှင်း၊ ရွှေမေတ္တာလူမှုကူညီရေးအဖွဲ့စသည့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက တက်ကြွစွာ ဖယ်ရှားရှင်းလင်းပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အဖွဲ့အစည်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးမှူးရုံးရှေ့ ဇော်ဂျွန်းလမ်းမပေါ်တွင် လျှပ်စစ်ဓာတ်တိုင် လဲကျနေမှုကို လျှပ်စစ်ဝန်ထမ်းများနှင့် ဘူးဂါးကုမ္ပဏီမှ ဝန်ထမ်းများ အစားထိုးပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရောရပ်ကွက် အထက (၁)နှင့် အထက (၉) အကြားရှိ သစ်ပင်ကြီးလဲကျခြင်း၊ ရောရပ်ကွက်အတွင်းရှိဝန်ထမ်းအိမ်ရာတွင် သစ်ပင်ကြီးလဲကျခြင်း၊ ရန်ကြီးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး အိမ်စီးကားတစ်စီးအပေါ် အပင်လဲကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အပြင် မြို့ပေါ်ရပ်ကွက်များတွင်လည်း သစ်ပင်ကြီးများ လဲကျခြင်းဖြစ်ပေါ်ခဲ့ပြီး အလားတူ မိုးကောင်းမြို့နယ်အတွင်း နမ္မတီး၊ မိုးကောင်းတို့တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် အပင်ကြီးများ လဲကျခြင်းနှင့်အတူ အဆောက်အအုံများ ထိခိုက်ခဲ့ကြောင်း သိရသည်။

**တက်ရောက်အားပေး**

ထို့ပြင်ရှမ်းမျိုးနွယ်စုဝင် လူငယ်လူရွယ်များ ရှမ်းစာပေနှင့်စကား ပိုမိုလေ့လာနိုင်ရေးအတွက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း (တိုင်းလုံ)က ကြီးမှူး၍ ဖွင့်လှစ်ပေးသည့် (၁၆)ကြိမ်မြောက် နွေရာသီရှမ်းစာသင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် နောင်ခမ်းရှမ်းရွာ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းဓမ္မာရုံ၌ ကျင်းပရာ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ တက်ရောက်အားပေး ချီးမြှင့်သည်။

ဦးစွာ ရှမ်းတိုင်းရင်းသားလူငယ်များက သင်တန်းဆင်းပွဲကို ရှမ်းရိုးရာအကဖြင့် ဖွင့်လှစ်ပြီး ပြည်နယ်ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်အောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးက သင်တန်းသား ၇၅ ဦး၊ နည်းပြဆရာ ၁၀ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်

**သာစည် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်ခြေနီအသင်း(ခွဲ) ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း (၁/၂၀၂၆) ကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ ဖွင့်လှစ်သည်။

ဦးစွာ သင်တန်းဖွင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇေယျာမျိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရှေးဦးပြုစုခြင်းနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာ ရှေးဦးပြုစုခြင်း၊ လူနာတစ်ဦးအား တွေ့ရှိပါက ဆန်းစစ်ရမည့်အချက်များ၊ သွေးယိုထွက်သောလူနာအား ပြုစုနည်း၊ အရိုးကျိုးသောလူနာအားပြုစုနည်း၊ အပူလောင်သော လူနာအား ပြုစုနည်း၊ အသက်ရှူရပ်ခြင်း၊ နှလုံးခုန်ရပ်သောလူနာအား ပြုစုနည်း၊ ဆို့နင်ခြင်းဖြစ်သော လူနာအား ပြုစုနည်း၊ နှာခေါင်းသွေးယိုသော လူနာအား ပြုစုနည်း၊ သတိလစ်သောလူနာအား ပြုစုနည်း စသည့် ရှေးဦးပြုစုခြင်း အခြေခံများကို ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ကြပြီး နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သုံးရက်ကြာ စာတွေ့လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ခိုင်မာစွာရပ်တည်ဆောင်ရွက်မည်ဟု ပါကစ္စတန် ဝန်ကြီးချုပ် ပြောကြား


**အစ္စလာမ္မာဘတ် ဧပြီ ၂၆**

ပါကစ္စတန်နိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ခိုင်မာစွာ ရပ်တည်ဆောင်ရွက်မည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က အီရန်သမ္မတ မာဆော့ ပါဇက်ကီရှန်အား ဖုန်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် ဆွေးနွေးမှုတွင် လက်ရှိဒေသတွင်း အခြေအနေများနှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမြှင့်တင်ရန် အကြောင်းအရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေး မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အစ္စလာမ္မာဘတ်၌ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ခြင်းအပေါ် အသိအမှတ်ပြုကြောင်း ၎င်းကပြောကြားသည်။

မိမိအနေဖြင့် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံမှုများဆောင်ရွက်ခဲ့ပြီး ၎င်းထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် သဘောတူညီချက်များ ရရှိမည်ဖြစ်ကာ ဒေသတွင်း ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မည်ဟု ၎င်းကပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း အီရန်သမ္မတ မာဆော့ ပါဇက်ကီရှန်ကပြောကြားသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**


ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်


အီရန်သမ္မတ မာဆော့ ပါဇက်ကီရှန်

# ဂါဇာကမ်းမြောင်ဒေသ၌ ဆယ်စုနှစ် နှစ်ခုကျော်အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲကျင်းပ



**ဂါဇာစီးတီး ဧပြီ ၂၆**

ဂါဇာကမ်းမြောင်ဒေသ၌ ဆယ်စုနှစ် နှစ်ခုကျော်အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲကျင်းပရာ ပါလက်စတိုင်းပြည်သူများက ဆန္ဒမဲများပေးခဲ့ကြောင်း သိရသည်။

အစ္စရေးတို့ သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းနှင့် ဂါဇာအလယ်ပိုင်းရှိ ဒဲရ် အယ်လ် ဘာလား မြို့တို့တွင် ရွေးကောက်ပွဲများကို ဧပြီ ၂၅ ရက်က ကျင်းပခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား နှစ်နှစ်ကြာ ပဋိပက္ခအတွင်း ပျက်စီးဆုံးရှုံးမှုများကြောင့် အခြားသောနေရာများတွင် မကျင်းပဘဲ ဒဲရ် အယ်လ် ဘာလားမြို့၌ ရွေးကောက်ပွဲကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ကျောထောက်နောက်ခံပြုထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ပြီးခဲ့သည့် အောက်တိုဘာလက အသက်ဝင်လာပြီး နောက်ပိုင်း အစ္စရေးက ဂါဇာကမ်းမြောင်၌ မကြာခဏ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ ပြီးခဲ့တဲ့ ခြောက်လအတွင်း ၈၀၀ ကျော် သေဆုံးခဲ့ကြောင်း ဂါဇာအာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါရွေးကောက်ပွဲသည် ဂါဇာပြည်သူများအတွက် သိသာထင်ရှားသော အပြောင်းအလဲတစ်ခု ဖြစ်လာနိုင်ကြောင်း မဲဆန္ဒရှင်တစ်ဦးက ပြောကြားခဲ့သည်။

ဟားမတ်စ်က ရွေးကောက်ပွဲတွင် တရားဝင်မပါဝင်သော်လည်း ကိုယ်စားလှယ်လောင်းတချို့သည် ဟားမတ်စ်အဖွဲ့နှင့် ဆက်နွယ်လျက်ရှိကြောင်း မီဒီယာအချို့က ပြောကြားခဲ့သည်။

ရွေးကောက်ပွဲရလဒ်များသည် ဟားမတ်စ်အဖွဲ့အပေါ် ပြည်သူလူထု၏သဘောထားကို ပြသနိုင်သည့်အတွက် ရွေးကောက်ပွဲရလဒ်များကို အာရုံစိုက်လျက်ရှိကြောင်း သိရသည်။

နောက်ဆုံးရလဒ်များကို ဧပြီ ၂၆ ရက် အစောပိုင်းတွင် ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ အင်ဒရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာသည့် ဆွစ်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ် အင်ဂျင်မီးလောင်

**နယူးဒေလီ ဧပြီ ၂၆**

အိန္ဒိယနိုင်ငံ နယူးဒေလီရှိ အင်ဒရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာသည့် ဆွစ်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် လေဆိပ်မှ ထွက်ခွာစဉ် ပြေးလမ်းပေါ်၌ အင်ဂျင်မီးလောင်ခဲ့၍ ခရီးသည် ခြောက်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လေယာဉ်ပြေးဆွဲမှုရပ်နားခဲ့ရကြောင်း ၎င်းလေဆိပ်၏ ဧပြီ ၂၆ရက် ထုတ်ပြန်ချက်အရ သိရသည်။

ခရီးသည်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ခရီးသည် ၂၃၂ဦးတင်ဆောင်ထားသည့် ၎င်းလေယာဉ်သည် နယူးဒေလီမှ ဇူးရစ်မြို့သို့ ထွက်ခွာခြင်းဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရပြီး ၎င်းလေဆိပ်တွင် အရေးပေါ် အခြေအနေကြေညာခဲ့သည်။

၎င်းလေယာဉ်သည် အဲဘတ် အေ ၃၃၀ အမျိုးအစားဖြစ်ကာ ပြေးလမ်းပေါ်တွင် အင်ဂျင်မီးလောင်ခဲ့ပြီးနောက် လေယာဉ်အမှုထမ်းများက လေယာဉ်နှင့်ခရီးသည်များ ဘေးကင်းရေးအတွက် လိုအပ်သည်များ မြန်ဆန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-စိုးသူရ**





# အမေရိကန်သမ္မတ ထရမ့် လုံခြုံရေးအန္တရာယ်ကြုံတွေ့၊ သေနတ်သမားအား ဖမ်းမိ

**ဝါရှင်တန် ဧပြီ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် သတင်းထောက်များနှင့်အတူ ညစာစားပွဲကျင်းပနေစဉ် လက်နက်ကိုင်တစ်ဦးက ဟိုတယ် ဧည့်ခန်းရှိ စစ်ဆေးရေး ဂိတ်တစ်ခုအား အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် သမ္မတ ထရမ့်ကို လုံခြုံရေးဝန်ထမ်းများက စင်မြင့်ပေါ်မှ ချက်ချင်းခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်က အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာပြီးနောက် အန္တရာယ်ကင်းရှင်းကြောင်း ၎င်း၏ ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

အဆိုပါ သေနတ်သမားအား ဖမ်းမိခဲ့ကြောင်း လုံခြုံရေးအရာရှိများက ပြောကြားခဲ့သည်။

သေနတ်သံဟု ယူဆရသည့် ကျယ်လောင်သော အသံသုံးသံကြားခဲ့ရကြောင်းညစာစားပွဲတက်ရောက်သူ တစ်ဦးက ပြောကြားခဲ့သည်။

သေနတ်သမားသည် ကယ်လီဖိုးနီးယားပြည်နယ်မှ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း အာဏာပိုင်များက ဖော်ထုတ်နိုင်ခဲ့သည်။

၎င်းသည် ကယ်လီဖိုးနီးယားတွင် နေထိုင်ပုံရပြီး စိတ်မကျန်းမာသူတစ်ဦးဖြစ်ပုံရကြောင်း အိမ်ဖြူတော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်က ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ဓနုဖြူမြို့မဈေးမီးလောင်မှုအား ငြိမ်းသတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

ပုသိမ် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ မြို့မဈေးကြီးတွင် ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက မီးငြိမ်းသတ်နေမှုနှင့် မီးလောင်ပျက်စီးဆုံးရှုံးမှုအခြေအနေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဈေးသူ ဈေးသားများနှင့် တွေ့ဆုံပြီး ပုံကျဈေးဖွင့်လှစ်နိုင်ရေး၊ ယာယီဈေးတည်ဆောက်ဖွင့်လှစ်ရေး၊ ဈေးအသစ် ပြန်လည်တည်ဆောက်ရေးကိစ္စရပ်များကို ဆွေးနွေးကာ ဈေးသူဈေးသားများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓနုဖြူမြို့မဈေး မီးငြိမ်းသတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဈေးတာဝန်ခံရုံးတွင် တာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကြီးအတွင်းရှိ ဈေးရုံ၊ ဆိုင်ခန်းပေါင်းနှင့် မီးလောင်ပျက်စီးဆုံးရှုံးမှု၊ ယာယီဈေးဖွင့်လှစ်နိုင်ရေးနှင့် ဈေးသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာယီဈေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးသစ်မတည်ဆောက်မီနှင့် ယာယီဈေးမဖွင့်လှစ်နိုင်သေးသည့် ကာလအတွင်း ပြည်သူများရောင်းဝယ်မှုအဆင်ပြေစေရန် ပုံကျဈေးကို ရက်ပိုင်းအတွင်း ဖွင့်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ယာယီဈေးတည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# ပခုက္ကူမြို့၌ မီးဘေးသတိပေး လှည့်လည်နှိုးဆော်

ပခုက္ကူ ဧပြီ ၂၆

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ညနေပိုင်းက ပခုက္ကူမြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများထံ မီးဘေးသတိပေးလှည့်လည်နှိုးဆော်ကြသည်။

ထိုသို့သတိပေးနှိုးဆော်ရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နဲမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ၊ လမ်းမကြီးများနှင့် လူစည်ကားရာနေရာများသို့ လှည့်လည်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးယာဉ်ဖြင့် သတိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကို လိုက်နာရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။
( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။
( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုလုပ်ရန်။
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။
( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# မိုးကောင်းမြို့နယ်၌ မိုးသည်းထန်ပြီးလေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများနှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီး

မိုးကောင်း ဧပြီ ၂၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ဧပြီ ၂၅ ရက် ည ၉ နာရီခွဲခန့်တွင် မိုးသည်းထန်ပြီး လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများနှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။



အဆိုပါလေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်မှုကြောင့် မိုးကောင်းမြို့နယ်အတွင်းရှိ ကျွန်းပင်သာအုပ်စု၌ လူနေအိမ် ၆၈ လုံး၊ မြို့ဦးရပ်ကွက်၌ လူနေအိမ် ၂၄ လုံး၊ နန့်ရင်ရပ်ကွက်၌ လူနေအိမ် ငါးလုံး၊ ညောင်တောရပ်ကွက်၌ လူနေအိမ် ၁၅ လုံး၊ လွဲလောကျေးရွာ၌ လူနေအိမ် ၄၈ လုံး၊ ပင်ဘောကျေးရွာ၌ လူနေအိမ် အလုံး ၁၀၀၊ ဆားမော်ကျေးရွာ၌ လူနေအိမ် ၁၁၅ လုံး၊ ထိုပူးကျေးရွာ၌ လူနေအိမ် ၁၀၇ လုံးအပါအဝင် အချို့ကျေးရွာတွင် လူနေအိမ်များ အမိုးလန်ခြင်း၊ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ အမိုးလန်ပျက်စီးခြင်း၊ ဓာတ်တိုင်များ ကျိုးပဲ့ပျက်စီးခြင်း၊ သစ်ပင်များကျိုးပဲ့ပျက်စီးခြင်း၊ သစ်ပင်ကျိုးပဲ့ခြင်းကြောင့် အချို့လူနေအိမ်များအပေါ် သစ်ပင်ပိ၍ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းပြုစုခြင်းများ ဆောင်ရွက်ပြီး ကျိုးပဲ့သစ်ကိုင်းများ ရှင်းလင်းရေး ဆောင်ရွက်နေကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကင်းမြို့နယ်အတွင်းရှိ ဂက်(စ်)မီးဖိုနှင့်အပို ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၌ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်း ဦးဆောင်သော သန္နဲမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဂက်(စ်)မီးဖိုနှင့် အပိုဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**





# ကွမ်းခြံကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID(Smat Card)များ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ယမန်နေ့က လက်ခုပ်ကုန်းကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးတင်စိုးနှင့်ဝန်ထမ်းများက လက်ခုပ်ကုန်းကျေးရွာတွင် အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးခြင်းနှင့် UID (Smart Card)မပြုလုပ်ရသေးသူများကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**

★ ကျောဖုံးမှ

နီးစပ်ရာတပ်စခန်းများရှိ တာဝန်ရှိသူများထံ သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည် ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများ အလိုက် တာဝန်ရှိသူများက အသီးသီး ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ခံဝန်ကတိ လက်မှတ်ရေးထိုး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ပစ္စတိုသေနတ် သုံးလက်၊ Type-81 သေနတ် ၁၄ လက်၊ M-16 သေနတ်လေးလက်၊ M-22သေနတ် လေးလက်၊ M-79 သေနတ် နှစ်လက်၊ MA-11 သေနတ်နှစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ၄၂ ခု၊ ကျည်မျိုးစုံ ၂၂၁၉ တောင့်၊ မိုင်းမျိုးစုံ သုံးလုံး၊ လက်ပစ်ဗုံး ၁၅ လုံး၊ ဒီတိုနေတာ ၁၃ ခုနှင့် စကားပြောစက်နှစ်လုံး တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူး က လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က ပစ္စတိုသေနတ်တစ်လက် အတွက် ဆုကြေးငွေကျပ် သိန်း ၂၀ နှုန်းဖြင့် သုံးလက်အတွက် ငွေကျပ် သိန်း ၆၀၊ မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက် အတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၂၇ လက်အတွက် ငွေကျပ် သိန်း ၁၃၅၀၊ လက်ပစ်ဗုံးတစ်လုံးစီ အတွက် ဆုကြေးငွေကျပ် သုံးသိန်း နှုန်းဖြင့် ၁၅ လုံးအတွက် ငွေကျပ် ၄၅ သိန်း၊ မိုင်းတစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှုန်းဖြင့် သုံးလုံး အတွက် ငွေကျပ် ကိုးသိန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းဖြင့် နှစ်လုံးအတွက် ငွေကျပ် လေးသိန်း နှင့် အလင်းဝင်ရောက်လာသူများ အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်း နှုန်းဖြင့် ၆၁ ဦးအတွက် ငွေကျပ် ၆၁ သိန်း စုစုပေါင်းငွေကျပ် ၁၅၂၉ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများအား ခံဝန် ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ် တကျ ပြန်လည်လွှဲပြောင်း အပ်နှံ ပေးခဲ့ကြသည်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဆုကြေးငွေ ပေးအပ်စဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ က ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ အပ်နှံထားသော လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများ ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသ တည်ငြိမ်အေးချမ်းရေးကို အမှန် တကယ်လိုလားကြသည့် ဥပဒေ ဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံခဲ့မှုအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ညောင်ရွှေ မြို့နယ်မှ အမျိုးသားတစ်ဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ၃၀၊ ပင်လောင်းမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ၁၀ ဦး၊ လွိုင်ကော် မြို့နယ်မှ အမျိုးသားခြောက်ဦး စုစုပေါင်း PNLO အဖွဲ့ဝင်အမျိုးသား ၆၁ ဦးဖြစ်ကြောင်း သိရသည်။

ထို့အတူ ဧပြီ ၂၄ ရက်တွင်လည်း နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် တပ်မတော်၏ သဘောထားအမှန်တို့ကို သိရှိ နားလည် သဘောပေါက်လာကြ သည့် KIA၊ AA၊ PLA အကြမ်းဖက် အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါ အဝင် PDF အမည်ခံ အဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး ပေါင်း ၅၁၇ ဦးတို့သည်လည်း လက်နက် ကိုင် လမ်းစဉ်များကို စွန့်လွှတ်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ အလင်းဝင်ရောက်ခဲ့ကြကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာကြသည့် လက်နက်ကိုင် အဖွဲ့ဝင်များနှင့် PDF အမည်ခံ အဖွဲ့ဝင်အများစု သည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူ များဖြစ်ပြီး အကြမ်းဖက်လုပ်ရပ် များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက် အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန် ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ် သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေး ကြောင်း သိရှိရပြီး ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လိုသူ များအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများ အတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်ကတော့ ပင်လောင်း မြို့နယ်ကပါ။ PNLO အကြမ်း ဖက်အဖွဲ့ကနေ အလင်းဝင်ရောက် ခဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ PNLO အဖွဲ့ကို ဝင်ရောက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ PNLO အဖွဲ့မှ ခွန်တန်(ခ) ဆလိုက်ရဲ့ စည်းရုံး ခေါ်ဆိုမှုကြောင့် PNLO အဖွဲ့ကို ဝင်ရောက်ခဲ့ပြီး ဆီဆိုင်မြို့နယ် ဇန်းမတ်ကျေးရွာမှာ လှုပ်ရှားခဲ့ပါ တယ်။ အကြမ်းဖက်အဖွဲ့ထဲ ရောက်ရှိခဲ့ချိန်မှာတော့ အကြမ်း ဖက် အဖွဲ့ဝင်အချင်းချင်း ကြီးနိုင် ငယ်ညှဉ်း အုပ်ချုပ်ခံခဲ့ရတာ အနေအထိုင် အစားအသောက် အလွန်ခက်ခဲ ကျပ်တည်းခဲ့ရတာ တွေအပြင် ၂၀၂၆ ခုနှစ်မှာ ဆီဆိုင် မြို့နယ် ဇန်းမတ်ကျေးရွာကို PNO အဖွဲ့က နယ်မြေရှင်းလင်း ဝင်ရောက်ခဲ့တဲ့အတွက် ထီတဖြေ ကျေးရွာဘက်မှ ကျွန်တော်တို့ ဆုတ်ခွာ ထွက်ပြေးခဲ့ရတယ်။ PNLO အကြမ်းဖက်အဖွဲ့မှာ ဆက်နေခဲ့ရင် အသက်သေဆုံးနိုင် ပြီး မသေလျှင်လည်း အဖမ်းခံရနိုင် တာကြောင့် ထွက်ပြေးပြီး အခုလို အလင်း ဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်တော့လည်း တပ်မတော် မှ တာဝန်ရှိသူတွေက သားသမီးလို ညီအစ်ကိုလိုမျိုး နွေးထွေးစွာ ပြောဆို ဆက်ဆံခဲ့ပါတယ်။ ကောင်းမွန်စွာထားပြီး မိသားစု သဖွယ် အခုလို ဆက်ဆံတဲ့အတွက် လွန်စွာဝမ်းသာကျေနပ်ခဲ့ပါတယ်။





ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့ လမ်းကြောင်းကို ရွေးချယ်မိတာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ် တွေကို တောထဲမှာ အကြောင်းမဲ့ သေဆုံးရမယ့်အစား မိသားစုနဲ့ အတူ ပြန်လည်နေထိုင်ပြီး ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ ကျွန်တော်နဲ့ လက်တွဲပြီး တပ်မတော်ကို အလင်းဝင်ရောက် လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော်ကတော့ ဆီဆိုင် မြို့နယ်ဇာတိ ပအိုဝ်းလူမျိုးတစ်ဦး ဖြစ်ပါတယ်။ PNLO အဖွဲ့ကနေ အလင်းဝင်ရောက်လာတဲ့ သူလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြမ်းဖက်အဖွဲ့ထဲကို မဝင် ရောက်ခင်မှာ မိသားစုနဲ့အတူ အေးအေးချမ်းချမ်း နေထိုင်ခဲ့ တာပါ။ ဒါပေမဲ့ PNLO အကြမ်း ဖက်အဖွဲ့က ၎င်းတို့အဖွဲ့အစည်းကို ဝင်ရောက်ဖို့ စည်းရုံးခဲ့မှုကြောင့် PNLO အကြမ်းဖက် အဖွဲ့ထဲကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိချိန်မှာတော့ အကြမ်းဖက် အဖွဲ့ဝင်အချင်းချင်း ကြီးနိုင် ငယ်ညှဉ်း အုပ်ချုပ်ခံခဲ့ရတယ်။ အနေအထိုင် အစားအသောက် အလွန်ခက်ခဲ ကြမ်းတမ်းခဲ့ရတယ်။ အကြမ်းဖက်အဖွဲ့တွေက သူတို့ကို မထောက်ခံတဲ့ ဒေသခံတိုင်းရင်း သား ပြည်သူလူထုကို အကြောင်းမဲ့ ဖမ်းဆီး သတ်ဖြတ်တာတွေကို ကိုယ်တိုင် မြင်တွေ့ခဲ့ရတယ်။ အခုချိန်မှာ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်မှ ငြိမ်းချမ်းရေး ဖိတ်ခဲ့မှုကြောင့် နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ယုံကြည်ပြီး အေးချမ်းစွာ နေထိုင် လိုခြင်းဖြစ်ပါတယ်။ အလင်း ဝင်ရောက်လာတဲ့ အချိန်မှာလည်း တပ်မတော်က တာဝန်ရှိသူတွေ အနေနဲ့ နွေးထွေးစွာကြိုဆိုကြပါ တယ်။ ကောင်းကောင်းမွန်မွန် ထားပြီး မိသားစုဝင်တစ်ဦးလို ဆက်ဆံတဲ့အတွက် အလွန်ဝမ်းသာ ပီတိဖြစ်ရပါတယ်။ လူငယ်တွေ အနေနဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ လူမှုကွန်ရက်ကနေ ပြောဆို စည်းရုံးတာတွေ ၎င်းတို့နဲ့ ပတ်သက် ဆက်နွှယ်သူတွေရဲ့ မဟုတ်မမှန် ဝါဒဖြန့် ပြောဆိုစည်းရုံးမှုတွေကို နားယောင်ပြီး အကြမ်းဖက်အဖွဲ့ ကို မဝင်ကြဖို့ ကျွန်တော်အခုလို အလင်းဝင်ရောက်ပြီးတော့ မိသားစု တွေနဲ့အတူ မြို့မှာအေးအေး ချမ်းချမ်း နေထိုင်ရသလို အကြမ်း ဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့ လူငယ်တွေကိုလည်း အမြန် အလင်းဝင်ရောက်လာပြီး မိသားစု နဲ့အတူ ပြန်လည်နေထိုင်ဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျာ။

**သတင်းစဉ်**

## လပွတ္တာမြို့နယ် ကရင်တိုင်းရင်းသားစာပေသင်ကြားရေး ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ



လပွတ္တာ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသော ကရင်တိုင်းရင်းသားစာပေ သင်ကြားရေး ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲကို ဧပြီ ၂၄ ရက်က လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက် စိတ္တဝံသီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး အောင်ဘုန်းဟန်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး လပွတ္တာမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ မန်းထွန်းသစ်လွင်က သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပိုးကရင်နှင့် စကောကရင်စာပေဆရာ သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ နှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူ များကိုယ်စား သင်တန်းသူ နန်းမိုးဇာယုက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကင်းမွန်တစ်ကီလို ကျပ် ၂၀၀၀၀ ဖြင့် ပင်လယ်ပျော်ဆလုံများ ဈေးကောင်းရလျက်ရှိ

ရန်ကုန် ဧပြီ ၂၆

ကော့သောင်းခရိုင် မကြံ့ဂုလက်၊ ညောင်ဝီး၊ ဂျုအုံး၊ ဂျုလန်း၊ ဇာဒက်ကြီးကျွန်းတို့တွင် နေထိုင်သည့် ဆလုံတိုင်းရင်းသားများ ယခုရာသီတွင် ရိုးရာလုပ်ငန်းဖြစ်သည့် မိသားစုလိုက် ပင်လယ်ပြင်ကင်းမွန်မျှားခြင်းဖြင့် ကင်းမွန်တစ်ကီလိုလျှင် ကျပ် ၂၀၀၀၀ ဖြင့် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ကင်းမွန်(ပြည်ကြီးငါး) ပေါက်ပွားနှုန်းနှင့် အထိအမိကောင်းသည့် မိုးရာသီမဟုတ်သော်လည်း ထိုင်းနိုင်ငံက ဈေးကောင်းပေးမှုကြောင့် ပင်လယ်ပြင်၌ ဆလုံတိုင်းရင်းသားများ ရာသီမပြတ် သန္တာနီ၊ သန္တာနက်ကျွန်းနှင့် ငါးမန်းကျွန်းအနီး၌ ကင်းမွန်မျှား၍ အတူလိုက်ပါသည့် ကဗန်းစက်လှေသို့ ပြန်လည်ရောင်းချလေ့ရှိကာ ထိုကဗန်းစက်လှေမှကော့သောင်းဒိုင်သို့ပို့ပြီး ကော့သောင်းဒိုင်က ထိုင်းနိုင်ငံသို့တစ်ဆင့် ပြန်လည်ရောင်းချကြောင်း သိရသည်။



"ဒီရာသီက ကင်းမွန်အထိအမိမကောင်းပေမယ့် ဈေးကောင်းရတဲ့အတွက် ပင်လယ်ပြင်ထွက်ကြတာများတယ်။ ရှေ့က ကဗန်းစက်လှေကြီးနောက်မှာ ကျွန်တော်တို့ စတော်ငယ်လှေလေးတွေ လိုက်ပါပြီး ကင်းမွန်မျှားမယ့်နေရာရောက်ရင် မျှားကြပါတယ်။ ဖမ်းမိတဲ့ ကင်းမွန်၊ ကျောက်ငါးတွေကို ကဗန်းလှေပိုင်ရှင်ဆီရောင်းတယ်။ သူကပဲဝယ်တယ်၊ ထမင်းကျွေးတယ်။ ကျွန်တော်တို့က မျှားတဲ့သူကမျှား၊ ရေငုပ်ပြီး ကျောက်ငါးရှာတဲ့သူက ရှာကြပါတယ်။ ကျွန်တော်တို့တွေက ရေလုပ်ငန်းပဲလုပ်တတ်ပြီး ကင်းမွန်ကို ရာသီမပြတ်မျှားပြီးတော့ အသက်မွေးကြတာပါ။ မိုးရာသီဆိုရင် ကင်းမွန်ပိုပြီးရကြပါတယ်။ ဈေးတော့ကျသွားတယ်။ ဒီရာသီမှာ ကင်းမွန်ရှားတဲ့အတွက် ဈေးကောင်းရတာကြောင့် ကင်းမွန်ကိုပဲ အဓိကထားပြီး ဖမ်းကြတာများတယ်။ ရာသီဥတုကောင်းမွန်ပြီး ကင်းမွန်ဈေးကောင်းတဲ့အတွက် အဆင်ပြေနေပါတယ်"ဟု ဇာဒက်ကြီးကျွန်းအနီး ပင်လယ်ပြင်တွင် ကင်းမွန်မျှားနေသည့် ဆလုံတိုင်းရင်းသား ကိုဇာန်မိုးက ပြောသည်။

ကင်းမွန်ကို လဆုတ် ၃ ရက်မှ လဆန်း ၃ ရက်အထိ ပင်လယ်ပြင်တွင်မျှားလေ့ရှိပြီး ၁၅ ရက်ကျော်အကြာ ကမ်းသို့ပြန်ဝင်သည်။ ဆလုံတိုင်းရင်းသားများကျွန်းပေါ်တွင် စည်ကားစွာ တွေ့မြင်ရသောအချိန်သည် သီတင်းကျွတ်ကာလနှင့် ဆလုံနတ်ပွဲကျင်းပရာ ဖေဖော်ဝါရီလ၊ မတ်လတို့ဖြစ်သည်။

ကော့သောင်းပင်လယ်ပြင် ကမ်းနီးရေတိမ်တွင် ဆလုံများ စတော်ငယ်လှေများဖြင့် ကင်းမွန်၊ ဗီးဇင်းငါး၊ ကျောက်ငါး၊ ကုလားငို၊ ဇာချမ်းငါးတို့ကို မျှားလေ့ရှိပြီး အခြားသော ဆလုံများက မိသားစုလိုက် ပင်လယ်ပြင်သို့ ကဗန်းစက်လှေဖြင့်ထွက်၍ စက်တပ်ဂလက်၊ ဝါးအလယ်ကျွန်းအနီး၌ ညပိုင်းတွင် အောက်ဆီဂျင်ပေး၍ ရေအောက်သို့ငုပ်ကာ လျှပ်စစ်မီးဖြင့် ကျောက်ပုစွန်(ပုဂံ) မျှော၊ ကျောက်ငါးတို့ကို ဖမ်းဆီးပြီး နောက်တစ်ရက်တွင် မကြံ့ဂုလက်ကျေးရွာဒိုင်သို့ရောင်းချလေ့ရှိသည်။ လက်ရှိတွင် ကျောက်ပုစွန် လေးကီလိုအထက် အကြီးဆိုဒ် တစ်ကီလိုလျှင် ကျပ် ၄၀၀၀၀ ကျော်၊ အသေးဆိုဒ် ကျပ် ၂၅၀၀၀ ရရှိကြပြီး ထိုင်းနိုင်ငံ ရနောင်းငါးဈေးကွက်၌ ကျောက်ပုစွန်တစ်ကီလိုလျှင် ဘတ် ၁၀၀၀ ဈေးရရှိကာ ကင်းမွန်အထိအမိကောင်းချိန်၌ တစ်ကီလို ကျပ် ၁၂၀၀၀ ရရှိသော ကင်းမွန်တစ်ကီလိုလျှင် ယခုအခါ ကျပ် ၂၀၀၀၀ ဈေးဖြင့် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ – ဇွဲမာန်**

## မိုးကုတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မိုးကုတ် ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ရှောလီဝိုင်းရပ်ကွက် ပိတ်စွယ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး လှဇော်ဦး၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သက်ထွဋ်ဝင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးပါပါလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး သတ်မှတ်ကာလအတွင်း အဆင်ပြေချောမွေ့စွာ ပြီးမြောက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်ပေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိုးကုတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ယင်းနေ့တွင် ဒေသခံပြည်သူ စုစုပေါင်း ၇၀ အား နိုင်ငံသား စိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်မရောမြို့နယ်၌ စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်း

ကျိုက်မရော ဧပြီ ၂၆

ကျိုက်မရောမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း စားသုံးရန်မသင့်သော အစားအသောက်၊ အမှတ်တံဆိပ်မပါသော စားသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်းရောင်းချခြင်းမရှိစေရန် ယနေ့နံနက်ပိုင်းတွင် မြို့မဈေးကြီးအတွင်း ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဦးစီးမှူး ဦးမင်းနောင် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးလွင်၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ပူးပေါင်းအဖွဲ့များက ဈေးအတွင်းရှိ မုန့်မျိုးစုံဆိုင်များ၊ ကုန်စုံဆိုင်များတွင် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော တာရှည်ခံဆိုးဆေးများ၊ ဓာတုပစ္စည်းများပါဝင်သည့် အစားအသောက်များ၊ တားမြစ်ထားသည့် အလှကုန်ပစ္စည်းများ ဈေးကွက်တွင်းရောင်းချခြင်းမရှိစေရန် ပညာပေးခြင်း၊ စားသုံးကုန်ပစ္စည်းများတွင် အမှတ်အသားတံဆိပ်များကပ်၍ ရောင်းချရန်နှင့် ညွှန်ကြားချက်နှင့်မကိုက်ညီသောပစ္စည်းများ ရောင်းချပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

လှည်းကူး ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အလံဂပိုကျေးရွာတွင် ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်မည့် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာစိုးက VDP စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းရွေးချယ်ခြင်းနှင့် ကျေးရွာအတွင်းဆောင်ရွက်မည့် ကွန်ကရစ်ခင်းမည့်လမ်းကို ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**





## မင်္ဂလာတောင်ညွန့်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများအား အစိုးရသစ်လက်ထက် ရက်(၁၀၀) စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်က ကြီးကြပ်၍ ဧပြီ ၂၅ ရက်တွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ်လဝကမှူး ဒေါ်မြမြသန်း၊ ဒုတိယလဝကမှူး ဒေါ်ဆုဆုလှိုင်နှင့် လက်ထောက်လဝကမှူး ဦးမင်းခန့်အောင်တို့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နို့တစ်ခွက်ရဲ့နောက်ကွယ်က နို့စားနွားမွေးမြူရေး



မေဦးမိုး

နေ့စဉ်လှုပ်ရှားရုန်းကန်ရတဲ့ ပြည်သူအများစုအတွက် နံနက်ခင်းအိပ်ရာနိုးနိုးချင်း နွားနို့တစ်ခွက်သောက်ဖြစ်ဖို့ဆိုတာ သိပ်တော့ မလွယ်ကူလှပါဘူး။ မြို့ကြီးပြကြီးတွေမှာတောင် သန့်သန့်ရှင်းရှင်းနဲ့ အာဟာရပြည့် နွားနို့တစ်ခွက်ရဖို့ ခက်ပါတယ်။ ရုံဖန်ရံခါ ဒါမှမဟုတ် အားနည်းနေတယ်လို့ ခံစားရတဲ့အချိန်တွေမှာ အာဟာရအတွက် နွားနို့တစ်ခွက်သောက်ကြည့်ဖို့ လူတိုင်းကြိုးစားဖူးကြပါလိမ့်မယ်။ နွားနို့သောက်ရင်း တစ်ခါတလေတော့ မေးခွန်းတစ်ခုလည်း ပေါ်လာနိုင်ပါသေးတယ်။ ဒီနွားနို့က ဘာတွေကောင်းကျိုးပေးသလဲ၊ ဘယ်လိုနွားတွေကနေ နွားနို့ရသလဲ။

နွားနို့ဟာ လူ့အာဟာရအတွက် အရေးကြီးတဲ့ အစားအစာတစ်ခုဖြစ်ပြီး ကယ်ဆီယမ်၊ ပရိုတင်း၊ ဗီတာမင် B12 စတဲ့ အာဟာရဓာတ်တွေကြောင့် အရိုးခိုင်မာရေးနဲ့ ကိုယ်ခံအားဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေလို့ လူ့ခန္ဓာကိုယ်အတွက် အပြည့်စုံဆုံး သဘာဝအစားအစာ (Natural Food) တစ်ခုလို့တောင် ခေါ်နိုင်ပါတယ်။ နို့ထဲက ကယ်ဆီယမ်က အရိုးနဲ့သွားတွေကို ခိုင်မာစေသလို ပရိုတင်းက ကြွက်သားဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးတယ်။ ဗီတာမင် B12 လို အာဟာရဓာတ်တွေကလည်း အာရုံကြောစနစ်နဲ့ စွမ်းအင်ထုတ်လုပ်မှုအတွက် အရေးကြီးတယ်။ အထူးသဖြင့် ကလေးငယ်တွေ ကြီးထွားဖွံ့ဖြိုးရာမှာ နို့ဟာ အခြေခံအာဟာရတစ်ခုဖြစ်ပြီး လူကြီးပိုင်းမှာလည်း အရိုးပျော့ခြင်း (Osteoporosis) လို ပြဿနာတွေကို လျော့နည်းစေရာမှာ အထောက်အကူဖြစ်တယ်လို့ WHO နဲ့ FAO ရဲ့ Nutrition Reports တွေမှာ ဖော်ပြထားပါတယ်။

### နို့စားနွားမွေးမြူရေးကဏ္ဍ နည်းပါးနေဆဲဖြစ်

နို့စားနွားမွေးမြူရေးလုပ်ငန်းကို အများအားဖြင့် နွားမွေးတာ၊ နို့ထုတ်ယူပြီး ရောင်းတာလို့ ရိုးရိုးရှင်းရှင်းမြင်ကြပေမယ့် အမှန်တကယ်တော့ နို့စားနွားမွေးမြူတာဟာ အစာထောက်ပံ့မှု(Feed) ကနေစပြီး တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု (Animal Health)၊ နို့ထုတ်လုပ်မှု (Milk Production)၊ ပြုပြင်ထုတ်လုပ်မှု (Processing)နဲ့ ဖြန့်ချိရေး(Distribution )တွေအထိ ချိတ်ဆက်နေတဲ့ လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။ မိမိတို့ နိုင်ငံမှာ နို့စားနွားမွေးမြူရေးကဏ္ဍဟာ ရှိသင့်တဲ့ ထုတ်လုပ်နိုင်မှုထက် နည်းပါးနေဆဲ ဖြစ်သလို ၂၀၂၃ ခုနှစ် အချက်အလက်များအရ နို့ထုတ်လုပ်မှု စုစုပေါင်းတန် ၄၂၀၀၀၀ ခန့်သာရှိပြီး နို့စားနွားကောင်ရေ ၇၂၂၄၄ ကောင်သာရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ တစ်နိုင်ငံလုံးရဲ့ ၅၅ ရာခိုင်နှုန်းခန့်ကို မွေးမြူထားတယ်လို့ သိရပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နွားနို့အတွက် နို့စားနွားမွေးမြူတဲ့ခြံတွေ အများအပြားရှိပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ နို့စားနွားကို လယ်ယာမြေထွန်ယက်ဖို့ အသုံးပြုတဲ့နွားတွေနဲ့ အတူတူ မွေးမြူတတ်ကြပါတယ်။ စီးပွားဖြစ် မွေးမြူမှု အများအပြားကိုတော့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ ကျောက်ဆည်၊ တံတားဦး၊ အမရပူရနဲ့ ပြင်ဦးလွင်တို့လို မြို့တွေမှာတွေ့ရပြီး နေပြည်တော်နဲ့ ရန်ကုန်မြို့အနီးတစ်ဝိုက်မှာလည်း တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူမှုတွေ အတော်လေးများပြားလာပါတယ်။

ဒီဒေသတွေကတော့ မြန်မာနိုင်ငံမှာ နို့စားနွားမွေးမြူရေးရှည်ကြာခဲ့တဲ့ ဒေသတွေလည်း ဖြစ်ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ ၁၉၇၈ ခုနှစ်ကတည်းက ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ ပြင်သစ်၊ နယ်သာလန်၊ ဩစတြေးလျနိုင်ငံတွေကနေ ဖရေရှန်၊ ဂျာစီ၊ ဂွမ်စီ၊ အေးရှားရား၊ နော်ဝေဂျင်ရွက်အပါအဝင် နို့စားနွား ခုနစ်မျိုးကို စတင်မွေးမြူခဲ့တယ်လို့ မှတ်တမ်းတွေအရ သိရှိရပါတယ်။ အခုအခါမှာတော့ အဓိကအားဖြင့် ဖရေရှန်နဲ့ ဂျာစီနို့စားနွားတွေကို အများဆုံးမွေးမြူလျက်ရှိပါတယ်။ ဒါပေမဲ့ အကောင်ရေ အနည်းငယ်သာမွေးတဲ့ မွေးမြူရေးသမားတွေကတော့ နို့စားနွားဆိုတာ နိုင်ငံတကာက သိကြတဲ့ ဖရေရှန်လို နို့အထွက်များတဲ့ မျိုးစစ်စစ်တွေ မဟုတ်ဘဲ ဒေသခံ Zebu နွားမျိုးတွေနဲ့ စပ်ထားပြီးမျိုးတွေကို အများဆုံးမြင်တွေ့ရမှာပါ။ မွေးမြူတဲ့အခါမှာလည်း သမားရိုးကျ လွှတ်ကျောင်းစနစ်နဲ့ အဓိက မွေးမြူတဲ့ပုံစံမျိုးပါ။

ဖရေရှန်နဲ့ ဂျာစီ နို့စားနွားနှစ်မျိုးကို ဥပမာပြရရင် ဖရေရှန်တစ်ကောင်ဟာ တစ်နေ့ကို ပျမ်းမျှနို့ ၁၀ ပိဿာ (၁၆ လီတာလောက်) ထွက်တယ်။ ဒါပေမဲ့ သူ့နို့မှာ အဆီဓာတ်က ၃ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲပါပြီး ဂျာစီကတော့ တစ်နေ့ကို နို့ရှစ်ပိဿာ (၁၃ လီတာလောက်) ပဲထွက်ပေမယ့် အဆီဓာတ်က ငါးရာခိုင်နှုန်းအထိ ပါဝင်တယ်။ နို့စားနွားတစ်ကောင်ကို တစ်နှစ်မှာ ရက် ၃၀၀ လောက် နို့ညှစ်လေ့ရှိပြီး တစ်ရက်ကို အနိမ့်ဆုံး ငါးပိဿာကနေ အမြင့်ဆုံး ၁၃ ပိဿာ (၂၁ လီတာလောက်)အထိ ထွက်တတ်တယ်လို့ သိရပါတယ်။

အစာကျွေးပုံချင်းအတူတူပဲဆိုရင်တောင် မျိုးရိုးဗီဇချင်းမတူတဲ့အတွက် နို့ထွက်နှုန်းနဲ့ အရည်အသွေး ကွာသွားတာပါ။ ဒါကြောင့် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးဖို့အတွက် မျိုးဗီဇကောင်းတဲ့ နွားတွေကို မွေးမြူထုတ်လုပ်ဖို့ သိပ်ကိုအရေးကြီးပါတယ်။ နယူးဇီလန်နိုင်ငံမှာ ဖရေရှန်နဲ့ ဂျာစီကို မျိုးစပ်ပြီး "ကီဝီခရော့စ်" မျိုးစိတ်သစ်ကို ဖန်တီးခဲ့ရာ နို့ထွက်နှုန်းရော အရည်အသွေးပါ ကောင်းလာတယ်လို့ သိရပါတယ်။

### ကမ္ဘာ့တစ်ဝန်း နို့ထုတ်လုပ်မှု

ကမ္ဘာတစ်ဝန်းမှာ နို့ထုတ်လုပ်မှုကို လေ့လာကြည့်ရင် FAO ရဲ့ ၂၀၂၃ ခုနှစ် စာရင်းအရ အိန္ဒိယနိုင်ငံဟာ တစ်နှစ်ကို တန်ချိန် သန်း ၂၃၀ ကျော်နဲ့ နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ အမေရိကန်ပြည်ထောင်စုက တန်ချိန် သန်း ၁၀၀ ဝန်းကျင်၊ ဥရောပသမဂ္ဂက တန်ချိန် သန်း ၁၅၀ ဝန်းကျင် ထုတ်လုပ်တယ်။ လူဦးရေသုံးသန်းလောက်ပဲရှိတဲ့ နယူးဇီလန်နိုင်ငံက နို့ထွက်ပစ္စည်း တင်ပို့မှုမှာ ကမ္ဘာ့အဆင့်ရှိတယ်။ ဒါတွေကို ကြည့်ပြီး မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေးအခြေအနေကို နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံက ဘယ်လောက်အထိ နောက်ကျနေတယ်ဆိုတာ သိသာပါလိမ့်မယ်။

ဒီနေရာမှာ တကယ့်လက်တွေ့ဘဝ နေပြည်တော် ဇေယျာသီရိမြို့နယ်က မွေးမြူရေးသမား ကိုသန်းငွေရဲ့ အတွေ့အကြုံကို မျှဝေလိုပါတယ်။ သူဟာ နှစ်ပေါင်း ၂၀ ကျော်နို့စားနွားမွေးမြူခဲ့သူတစ်ယောက်ပါ။ သူ့မှာ နွားကိုးကောင်ရှိတယ်။ အစပိုင်းမှာ သူက နွားတွေကို မြက်ခင်းတွေမှာ လွှတ်ကျောင်းပြီး ကောက်ရိုးနဲ့ တစ်ခါတလေ ဖွဲနုကျွေးတယ်။ နွားတစ်ကောင်က တစ်နေ့ကို နို့သုံးလီတာလောက်ပဲရတယ်။ ပြောရရင် ရေသန့်ပုလင်း သုံးပုလင်းစာပဲ။ နောက်ပိုင်းမှာတော့ တောင်သူပညာပေးအစီအစဉ်တစ်ခုကနေ သင်ယူလိုက်ရတဲ့ နည်းလမ်းတွေရှိတယ်။ သူက နေပီယာမြက်ကို သီးသန့်စိုက်ပျိုးပြီး နွားတွေကို တင်းကုပ်ထဲမှာပဲ ထိန်းကျွေးတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးတယ်။ နွားတွေအတွက် သန့်ရှင်းတဲ့ရေကိုလည်း ပုံမှန်ဖြည့်ဆည်းပေးတယ်။ ရလဒ်အနေနဲ့ သူ့နွားတွေရဲ့ နို့ထွက်နှုန်းဟာ တစ်နေ့ကို ငါးလီတာလောက်ကနေ ၁၀ လီတာလောက်အထိ တက်လာတယ်။ သူ့ဝင်ငွေကလည်း နှစ်ဆနီးပါး တိုးလာတယ်။ ဒါပေမဲ့ တစ်ပိုင်တစ်နိုင်မွေးသူတွေထဲမှာ ကိုသန်းငွေ လို သေသေချာချာစနစ်တကျနဲ့ လိုက်လုပ်တဲ့သူကတော့ အတော်လေးရှားမယ်လို့ ယူဆရပါတယ်။

မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေးကဏ္ဍဟာ စိန်ခေါ်မှုတွေ အများကြီးရှိနေပါသေးတယ်။ မွေးမြူတဲ့နွားရဲ့ မျိုးဗီဇက မကောင်းတာ၊ အစာကျွေးမွေးမှု အားနည်းတာနဲ့ နည်းပညာအသုံးပြုမှုကလည်း အလွန်နည်းပါးနေသေးတယ်လို့ သိရပါတယ်။ အထူးသဖြင့် နို့စားနွားတစ်ကောင်အတွက် အစာကုန်ကျစရိတ်က နွားတန်ဖိုးရဲ့ ၇၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ဒါကြောင့် နို့ဈေးနှုန်းတည်ငြိမ်ဖို့ဆိုတာ အစာစရိတ်ပေါ်မှာ အဓိကမူတည်နေတယ်လို့ ဆိုရမှာပါ။ ဒါ့အပြင် ရောဂါကျရောက်မှုကလည်း ကြီးမားတဲ့ပြဿနာတစ်ခု ဖြစ်ပါတယ်။ နမူနာပြရရင် နို့အုံရောင်ရောဂါ (Mastitis) တစ်ခုတည်းကြောင့် မြန်မာနိုင်ငံရဲ့ နွားမွေးမြူရေးမှာ နှစ်စဉ် ကျပ်သန်း ၅၀၀ ခန့် ဆုံးရှုံးနေရတယ်လို့ သိရှိရပါတယ်။

ဒါတင်မကသေးပါဘူး၊ မြန်မာနိုင်ငံရဲ့ နို့ထွက်ပစ္စည်းစားသုံးမှုပမာဏဟာ အလွန်နည်းပါးနေပါသေးတယ်။ FAO ရဲ့ ခန့်မှန်းချက်အရ မြန်မာလူမျိုးတစ်ဦးဟာ တစ်နှစ်ကို နို့နဲ့ နို့ထွက်ပစ္စည်း ကီလိုဂရမ် ၂၀ ကနေ ၂၅ ကီလိုဂရမ်အထိပဲ စားသုံးမယ်လို့ ခန့်မှန်းထားတာကို တွေ့ရှိရပါတယ်။ ဒါဟာ အာရှနိုင်ငံတွေရဲ့ ပျမ်းမျှအောက်၊ ဥရောပနဲ့ အမေရိကနိုင်ငံတွေရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရှိတဲ့အနေအထားဖြစ်ပါတယ်။ ဒါပေမဲ့ မြို့ပြတွေမှာတော့ လူလတ်တန်းစား တိုးပွားလာတာနဲ့အမျှ နို့နဲ့ ဒိန်ချဉ်၊ ရေခဲမုန့်စတာတွေရဲ့ စားသုံးမှုဟာ တဖြည်းဖြည်းတိုးလာနေတယ်။ ဒီလိုတိုးလာတဲ့ လိုအပ်ချက်ဟာ ပြည်တွင်းနို့လုပ်ငန်းအတွက် အခွင့်အလမ်းတစ်ခုဖြစ်သလို ပြည်ပကနေ နို့ထွက်ပစ္စည်းတွေ တင်သွင်းနေရမှုကိုလည်း လျှော့ချနိုင်တဲ့ အခွင့်အရေးတစ်ခုလို့ ဆိုနိုင်ပါတယ်။

**လက်ရှိမှာ မြန်မာနိုင်ငံဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ကုန်ကျပြီး နို့ထွက်ပစ္စည်းတွေ ပြည်ပကနေ တင်သွင်းနေရတာဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ နွားမွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်တဲ့ ရေခံမြေခံနဲ့ တိရစ္ဆာန်အစာတွေ လုံလောက်စွာ ရှိနေပြီးသားဆိုတာကို သတိပြုဖို့လိုပါတယ်။ အဓိကကတော့ နည်းပညာအားဖြင့် မြင့်မားခြင်းမရှိသေးတဲ့ နို့ဆီနဲ့ နို့စိမ်းလိုမျိုး ထုတ်ကုန်တွေကို ပြည်တွင်းမှာ လုံလောက်အောင် ထုတ်နိုင်ရေးပဲဖြစ်ပါတယ်။**

ဒီပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဖြေရှင်းနည်းတွေ အများကြီးရှိပါတယ်။ ပထမဆုံးအနေနဲ့ တောင်သူတွေ သမဝါယမအသင်း ဖွဲ့စည်းပြီး အစာ၊ တိရစ္ဆာန်ဆေးဝါး၊ သွင်းအားစုတွေကို အစုလိုက်ဝယ်ယူတဲ့ အလေ့အထကို ပြုစုပျိုးထောင်သင့်ပါတယ်။ ဒီလိုလုပ်ရင် ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိ သက်သာသွားနိုင်မယ်လို့ သမဝါယမဆိုင်ရာ ကျွမ်းကျင်သူတွေကဆိုပါတယ်။ ဒုတိယအနေနဲ့ မေထုန်မဲ့သားစပ် (Artificial Insemination) နည်းပညာကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး အပူပိုင်းဒေသတွေအတွက် သင့်တော်တဲ့ နို့စားနွားမျိုးတွေ ဖန်တီးပေးဖို့လိုအပ်ပါတယ်။ တတိယအနေနဲ့ နို့ကို ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ဆီ၊ နို့စိမ်း၊ ထောပတ်အဖြစ် ပြုပြင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ဖို့ ကြိုးပမ်းကြရမှာဖြစ်ပြီး နွားနို့သာမက ကျွဲနို့ကိုလည်း နို့ထွက်ပစ္စည်းအဖြစ် ထုတ်လုပ်နိုင်တယ်ဆိုတာကို သတိပြုသင့်ပါတယ်။

ထို့အတူ နည်းပညာအသုံးပြုမှုလည်း အရေးကြီးပါတယ်။ စိုက်ပျိုး၊ မွေးမြူရေးစစ်တမ်းတစ်ခုအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းက လယ်သမား ၅၀၀ ကို စစ်တမ်းကောက်ကြည့်ရာမှာ မိုဘိုင်းဖုန်းကနေ နို့ဈေးနှုန်း၊ ရာသီဥတုနဲ့ မွေးမြူရေးဆိုင်ရာ အကြံပြုချက်တွေကို ရယူသုံးစွဲနိုင်တဲ့သူတွေဟာ ဒီလိုမလုပ်တဲ့သူတွေထက် ဝင်ငွေ ၃၀ ရာနှုန်းခန့် ပိုရတယ်လို့ တွေ့ရှိခဲ့ရပါတယ်။ အခုနောက်ပိုင်းမှာ စိုက်ပျိုးရေး၊

စာမျက်နှာ ၁၉ သို့

**လက်ရှိမှာ မြန်မာနိုင်ငံဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ကုန်ကျပြီး နို့ထွက်ပစ္စည်းတွေ ပြည်ပကနေ တင်သွင်းနေရတာဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ နွားမွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်တဲ့ ရေခံမြေခံနဲ့ တိရစ္ဆာန်အစာတွေ လုံလောက်စွာရှိနေပြီးသားဆိုတာကို သတိပြုဖို့လိုပါတယ်။ အဓိကကတော့ နည်းပညာအားဖြင့် မြင့်မားခြင်းမရှိသေးတဲ့ နို့ဆီနဲ့ နို့စိမ်းလိုမျိုး ထုတ်ကုန်တွေကို ပြည်တွင်းမှာ လုံလောက်အောင် ထုတ်နိုင်ရေးပဲဖြစ်**

❁ စာမျက်နှာ ၁၈ မှ

မွေးမြူရေးနဲ့ပတ်သက်တဲ့ အက်ပလီကေးရှင်းတွေ၊ သတင်းဌာနတွေ များပြားလာတာမို့ ဒါတွေကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာပြီး မျိုးပွားခြင်း၊ အစာကျွေးခြင်း၊ ဇီဝလုံခြုံရေးစနစ်တွေကို လေ့လာကြတာမျိုးနဲ့ နို့စားနွား မွေးမြူရေးကို တစ်ပိုင်တစ်နိုင် အဆင့်မြှင့်တင်နိုင်ပါတယ်။

**ဒေသနဲ့ကိုက်ညီတဲ့ နွားမျိုးတွေကိုလည်း ရွေးချယ်မွေးမြူဖို့လို**

ရာသီဥတုပြောင်းလဲမှုကလည်း စိန်ခေါ်မှုတစ်ခုပါ။ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထက်ကို ရောက်သွားရင် နွားတွေရဲ့ နို့ထွက်နှုန်းဟာ ၂၀ ရာခိုင်နှုန်းလောက် ကျဆင်းနိုင်တယ်လို့ နွားမွေးမြူရေး ကျွမ်းကျင်သူတွေက ဆိုကြပါတယ်။ ဒါကြောင့် နွားတင်းကုပ်တွေကို ရေစီးရေလာကောင်းတဲ့ မြေမြင့်တွေမှာ ဆောက်လုပ်ပြီး သဘာဝလေဝင်လေထွက်စနစ်တွေ ထည့်သွင်းသင့်တယ်။ မွေးမြူမယ့်ဒေသနဲ့ ကိုက်ညီတဲ့ နွားမျိုးတွေကိုလည်း ရွေးချယ်မွေးမြူဖို့ လိုပါတယ်။ ဒ့ါအပြင် နို့ကို ထုတ်လုပ်ပြီး ချက်ချင်းမထိန်းသိမ်းနိုင်ရင် အရည်အသွေး မြန်မြန်ကျဆင်းတတ်တာကြောင့် အေးခဲစနစ်တွေကလည်း အလွန်အရေးကြီးတာမို့ အရည်အသွေးထိန်းသိမ်းမှု မြှင့်တင်ပေးဖို့လည်း လိုအပ်ပါတယ်။

ယနေ့ကမ္ဘာမှာလည်း နို့စားနွားလုပ်ငန်းက စိန်ခေါ်မှုတွေ ကြုံနေရပါတယ်။ ဥပမာအားဖြင့် နွားကထွက်ရှိတဲ့ မီသိန်းဓာတ်ငွေ့က ဖန်လုံအိမ်ဓာတ်ငွေ့တွေထဲကတစ်ခုဖြစ်တာကြောင့် ကမ္ဘာကြီးရဲ့ အပူချိန်မြင့်တက်မှုကို အားပေးတယ်လို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်တွေက ဆိုကြပါတယ်။ ဒါကြောင့် နို့နဲ့ နို့ထွက်ပစ္စည်းအများအပြားထုတ်လုပ်တဲ့ နိုင်ငံတွေဟာ Sustainable Dairy Farming နဲ့ Precision Dairy Farming လို နည်းပညာအသစ်တွေကို အသုံးပြုပြီး ထုတ်လုပ်မှုတိုးမြှင့်တာနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို တစ်ပြိုင်နက် လျှော့ချတာမျိုး ရှာဖွေကြံဆနေကြရပါတယ်။

**❛❛ ဒါတွေအားလုံးကို အောင်မြင်အောင်ဆောင်ရွက်နိုင်စေဖို့ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ သမဝါယမအသင်းတွေ ဖွဲ့စည်းပြီး စုပေါင်းမွေးမြူနိုင်ရေး ဆောင်ရွက်မယ်ဆိုရင် အရင်းအနှီးနည်းတဲ့ တောင်သူတွေပါ ပါဝင်လာနိုင်မှာဖြစ်ပါတယ်။ လက်တွေ့မှာ နိုင်ငံတော်က စတင်လုပ်ဆောင်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ နိုင်ငံခြား အကူအညီတွေကိုလည်း မဟာဗျူဟာကျကျ အသုံးချနိုင်ကြဖို့ ကြိုးပမ်းကြရမှာဖြစ်ပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အတွေ့အကြုံကိုလည်း သင်ယူနိုင်တယ်။ ဥပမာ အိန္ဒိယနိုင်ငံ Amul ရဲ့ သမဝါယမစနစ်ဟာ သန်းနဲ့ချီတဲ့ နို့စားနွားမွေးမြူရေးသမားတွေရဲ့ ဘဝကို ပြောင်းလဲပေးနိုင်ခဲ့လို့ လေ့လာကြည့်နိုင်ပါတယ်။ နွားမွေးမြူရေးနဲ့ ကျွဲမွေးမြူရေးလုပ်ငန်းတွေကို အောင်မြင်အောင်ဆောင်ရွက်ပြီး နို့ထွက်ပစ္စည်းထုတ်လုပ်နိုင်တဲ့စက်ရုံတွေ တိုးချဲ့တည်ဆောက်နိုင်မယ်ဆိုရင် ပြည်တွင်းမှာ နို့ထွက်ပစ္စည်းတွေ ဖူလုံလာနိုင်ပြီး ပြည်ပငွေသုံးစွဲမှုကို သိသိသာသာလျှော့ချနိုင်မှာဖြစ် ❜❜**

**ဒါတွေအားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်စေဖို့ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ သမဝါယမအသင်းတွေ ဖွဲ့စည်းပြီး စုပေါင်းမွေးမြူနိုင်ရေး ဆောင်ရွက်မယ်ဆိုရင် အရင်းအနှီးနည်းတဲ့ တောင်သူတွေပါ ပါဝင်လာနိုင်မှာဖြစ်ပါတယ်။ လက်တွေ့မှာ နိုင်ငံတော်က စတင်လုပ်ဆောင်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ နိုင်ငံခြား အကူအညီတွေကိုလည်း မဟာဗျူဟာကျကျ အသုံးချနိုင်ကြဖို့ ကြိုးပမ်းကြရမှာဖြစ်ပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အတွေ့အကြုံကိုလည်း သင်ယူနိုင်တယ်။ ဥပမာ အိန္ဒိယနိုင်ငံ Amul ရဲ့ သမဝါယမစနစ်ဟာ သန်းနဲ့ချီတဲ့ နို့စားနွားမွေးမြူရေးသမားတွေရဲ့ ဘဝကို ပြောင်းလဲပေးနိုင်ခဲ့လို့ လေ့လာကြည့်နိုင်ပါတယ်။ နွားမွေးမြူရေးနဲ့ ကျွဲမွေးမြူရေးလုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်ပြီး နို့ထွက်ပစ္စည်းထုတ်လုပ်နိုင်တဲ့စက်ရုံတွေတိုးချဲ့တည်ဆောက်နိုင်မယ်ဆိုရင် ပြည်တွင်းမှာ နို့ထွက်ပစ္စည်းတွေ ဖူလုံလာနိုင်ပြီး ပြည်ပငွေသုံးစွဲမှုကို သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပါတယ်။**

အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေး လုပ်ငန်း ဘယ်လိုပုံစံရှိလာနိုင်မလဲဆိုတာကို စိတ်ကူးကြည့်ရင် ကျေးလက်ဒေသမှာ မွေးမြူရေးလုပ်ငန်းဟာ သားသမီးတွေကို ပညာသင်ပေးနိုင်တဲ့ ဝင်ငွေဖြစ်လာနိုင်တယ်။ တစ်နိုင်ငံလုံးမှာ နို့နဲ့နို့ထွက်ပစ္စည်းတွေ ပေါများလာနိုင်တယ်။ ပြည်ပကတင်သွင်းနေရတာတွေ လျှော့ကျလာနိုင်တယ်။ ကလေးငယ်တွေရဲ့ အာဟာရဖွံ့ဖြိုးမှု ပိုမိုအားကောင်းလာနိုင်တယ်။ ဒါပေမဲ့ အဲဒီအိပ်မက်တွေ အကောင်အထည်ပေါ်ဖို့ဆိုရင် ဒီကနေ့ကစပြီး လက်တွေ့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

နို့တစ်ခွက်ရဲ့နောက်ကွယ်က တန်ဖိုးကွင်းဆက်ဟာ ကြီးမားကျယ်ပြန့်ပါတယ်။ အဲဒီထဲမှာ နို့စားနွားတစ်ကောင်ရဲ့တန်ဖိုး၊ တောင်သူတစ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ ကလေးငယ်တွေရဲ့ အပြုံးတွေ ပါဝင်နိုင်သလို အာဟာရလိုအပ်နေသူတွေအတွက် ခွန်အားတွေ ပါဝင်ပါတယ်။ ဒါကြောင့် နောက်တစ်ခါ နို့တစ်ခွက်သောက်တဲ့အခါ ဒီအကြောင်းတွေကို သတိရပြီး သောက်ဖြစ်ဖို့ တိုက်တွန်းချင်ပါတယ်။ ။

## မှော်ဘီမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သော နွေစပါးစံပြစိုက်ကွက် သရုပ်ပြပွဲကျင်းပ

**မှော်ဘီ မေ ၂၆**

စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးဆောင်မှုဖြင့် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ တောင်သူ ဦးနေမျိုးလှိုင်၏ လယ်၁၀ ဧက နွေစပါးစိုက်ခင်းတွင် တောင်သူများပါဝင်သော ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သော နွေစပါးစံပြစိုက်ပျိုးကွက် သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**ပြောကြား**

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စပါးထုတ်လုပ်နိုင်ရေးအတွက် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီးသည်အထိ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများလိုက်နာကျင့်သုံးခြင်း၊ သီးနှံစိုက်တောင်သူများအနေဖြင့် မိမိတို့၏စိုက်ခင်းတွင်ပိုးမွှား၊ပေါင်းကျရောက်မှုအားအမြဲမပြတ် ကြိုတင်ကင်းထောက်စစ်ဆေးခြင်း၊ အပင်သက်တမ်းအလိုက် ကျသောဖျက်ပိုးများအား ဘက်စုံကာကွယ်နှိမ်နင်းနည်းများ အသုံးပြု၍ သီးနှံရိတ်သိမ်း/ခူးဆွတ်ရန် စောင့်ဆိုင်းရမည့်ကာလ (Pre Harvest Interval–PHI) တို့ကို တိကျစွာလိုက်နာ၍ ပညာပေးစံပြကွက် ဆောင်ရွက်ခဲ့သည့်အပေါ် တောင်သူများ လိုက်နာလက်ခံ ကျင့်သုံးနိုင်ရေး ပြောကြားသည်။

ထို့နောက် တောင်သူ ဦးနေမျိုးလှိုင်၏ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သော နွေစပါးစိုက်ကွက်အား ရိတ်သိမ်းခဲ့ရာ စပါးမျိုး တစ်ကေလျှင် အစို ၁၃၂ တင်း (အခြောက် ၁၂၈ ဒသမ ၉ တင်း) ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



## ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၌ မီးဘေးကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဒဂုံ မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက (၅၅) ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းဆောင်ရွက်**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မင်းသီဟ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် ရပ်ကွက်အတွင်း မီးလန့်မှု၊ မီးလောင်မှုများမဖြစ်ပွား မပေါ်ပေါက်စေရေး မီးဘေးအန္တရာယ်စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် ဖြစ်ပွားပေါ်ပေါက်လာပါက မီးသတ်ဖုန်း ၁၉၁ သို့ အရေးပေါ်ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ 191 Report Software တွင်ကျယ်စွာအသုံးပြုနိုင်ရေး အသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းသန်းအေး(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ သစ်စိမ်းမြေဩဇာ ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ ကျင်းပ

**ဖျာပုံ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ငုတောကျေးရွာရှိ တောင်သူ ဒေါ်မော်မော်ဝင်း၏ လယ်မြေတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

**အခမဲ့ဖြန့်ဝေပေး**

အဆိုပါ ပိုက်ဆံလျှော်မြေဩဇာ စုပေါင်းကြဲပက်ရာတွင် ဖျာပုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးစိုးရီ၊ ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဇင်းဘောင်ကျေးရွာအုပ်စုရှိ တောင်သူများ၏ လက်ဝယ်သို့ သစ်စိမ်းမြေဩဇာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးကြပြီး တောင်သူ ဒေါ်မော်မော်ဝင်း၏ လယ်မြေ ဧက ၂၀ အတွင်း သစ်စိမ်းမြေဩဇာ မျိုးစေ့များကြဲပက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အရိယာတို့ လျှောက်သောလမ်း




အရှင် တေဇနိယ (တောမီရဟန်း) ရေးသားသည့် အရိယာတို့ လျှောက်သောလမ်းစာအုပ် ထွက်ရှိလာသည်။

အရိယာတို့ လျှောက်သောလမ်းစာအုပ်တွင် နိဒါန်း၊ အခန်း (၁) သစ္စာဉာဏ်၊ အခန်း (၂) မဇ္ဈိမဉာဏ်၊ အခန်း (၃) ခန္တီဉာဏ်၊ အခန်း (၄)၊ ဝိပဿနာဉာဏ်၊ အခန်း (၅) မဂ်ဉာဏ်နှင့် နိဂုံးဟူ၍ ပါရှိသည်။

စာရေးသူသည် ဝိပဿနာအလုပ်ကို အာရုံစူးစိုက်ပြီး ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုသို့ အားထုတ်ခဲ့ရာတွင် ပဋိစ္စသမုပ္ပါဒ်တရားကို မိမိ၏ ခန္ဓာနှင့်ဆက်စပ်၍ သစ္စာရှုထောင့်နှစ်မျိုးဖြင့် နားလည်ခဲ့သည်။ သစ္စာရှုထောင့်နှစ်မျိုးဟူသည်မှာ လောကုတ္တရာသစ္စာ (ပရမတ္တ)နှင့် လောကီသစ္စာ (သမ္မုတိ)တို့ကို ဆိုလိုသည်။

ထိုသို့ သိမြင်နားလည်ခဲ့ပြီးနောက် ဓမ္မအသိဉာဏ်များလည်း တိုးတက်လာခဲ့သလို ထင်ရှားသည့် ဓမ္မရသကိုလည်း ခံစားခဲ့ရသည်။ ကိုယ်တိုင်သိရှိခံစားခဲ့ရသော ဓမ္မအသိဉာဏ်များအား စာဖတ်သူများကို ဖြန့်ဝေပေးထားသည်။ အရိယာတစ်ဦးဖြစ်ရန် အခြေခံ သိထား၊ ကျင့်ထားရမည့် အရာများကို အစမှအဆုံးအထိ ရှင်းပြထားသည့်စာအုပ်ဖြစ်သည်။

စာအုပ်ကို ဘဝအလှစာပေ၊ ဖုန်း ၀၉၇၉၅၄၄၀၇၇၆၊ ၀၉၄၅၃၁၁၆၉၀၈၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကချင်သမိုင်းကို လှုပစေသောပုဂ္ဂိုလ်များနှင့် အခြားဆောင်းပါးများ




ဆရာ နန်မွန်ဒီး (မြစ်ကြီးနား)၏ ကချင်သမိုင်းကို လှုပစေသော ပုဂ္ဂိုလ်များနှင့် အခြားဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ဒုက္ခဆင်းရဲအမျိုးမျိုးကို တွေ့ကြုံရင်ဆိုင်ရင်း နိုင်ငံရေးတွင် မားမားမတ်မတ်ရပ်တည်ခဲ့သော ကချင်နိုင်ငံရေးခေါင်းဆောင်များ ပေါ်ထွန်းခဲ့သည်။ နောင်လာနောက်သားများ စံနမူနာယူတတ်စေရန် စာရေးသူက လက်လှမ်းမီသမျှ မှတ်တမ်းတင်ထားသည်။ ၎င်းတို့မှာ ဒူဝါဇော်ထဆင်၊ ဒူဝါဒိန်ရတန်၊ ဒူဝါM.ဆင်ဆားရ်(ခေါ်)ဦးမုန်ဟောင်ဆင်ဆားရ်၊ ဝဏ္ဏကျော်ထင် ဦးဖုန်ဇီးဖုန်တို့ဖြစ်သည်။

၎င်းအပြင် ဘဝ၏အရည်အသွေးများ၊ တိုင်ပင်လိုက်ဦးမယ်၊ ဉာဏ်ထက်မြက်ပုံ၊ သင်္ချိုင်းရန် ထာဝရ၊ ရှေ့နေအကြံပေးစာ၊ ကမ္ဘာ့လူ့သက်တမ်းအတိုဆုံး နိုင်ငံများ၊ လူတိုင်းအတွက်၊ လူ့ဘဝအကြောင်း အထွေထွေမှတ်သားစရာများ၊ ဘဝသစ်ပင်၊ အချိန်၊ လမ်းစလေး၊ မှတ်သားစရာအထွေထွေ၊ ဆန္ဒ၊ ငွေနဲ့ဝယ်လို့မရ၊ ရဝမ်စကားပုံများ၊ ဓမ္မဟာသ၊ အမျိုးသမီးများအတွက်၊ အမေအို၏ ဆုတောင်းသံ စသည့်မှတ်သားစရာများနှင့် ဆောင်းပါးများပါရှိသည်။

စာအုပ်ကို အောင်မြင်ချမ်းသာစာပေထုတ်ဝေရေးလုပ်ငန်း ဖုန်း ၀၉၄၅၀၀၁၁၀၅၈၊ အမှတ် ၂၂၄/က၊ စစ်ကိုင်းလမ်း ၅၄ ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီး



**ပွင့်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မြေပဲကေအားလုံးရာနှုန်းပြည့် နှုတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိုက်ပျိုးနိုင်ခဲ့**

ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါမြေပဲစိုက်ခင်းများကိုဒေသခံတောင်သူများက ယခုနှစ် ဇန်နဝါရီလမှ စတင်နှုတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် မြေပဲကေအားလုံးကို ရာနှုန်းပြည့် နှုတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့်တင်းရေ ၅၄ ဒသမ ၆၀ ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် မြေပဲစိုက်ပျိုးတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ GAP စနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပြည်သူများ စားသုံးဆီဖူလုံရေးနှင့် တောင်သူဦးကြီးများအတွက် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မြေပဲမျိုးများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ )**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင်ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



## ပေါင်မြို့နယ်၌ ဆောင်းသီးနှံရိတ်သိမ်းချိန် ရွှေဖရုံသီးများ ဈေးကောင်းရရှိ


**ပေါင် မေ ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း စိုက်ပျိုးထားကြသည့် ဆောင်းသီးနှံများ ရိတ်သိမ်းချိန် ရွှေဖရုံသီးများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိကာ တောင်သူများ အဆင်ပြေလျက်ရှိသည်။

ပေါင်မြို့နယ်တွင် ဆောင်းသီးနှံများကို မိုးစပါးများ ရိတ်သိမ်းပြီးချိန် ဒီဇင်ဘာလမှစ၍ ရွှေဖရုံသီးအပါအဝင် အခြားဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြကြောင်း၊ ရွှေဖရုံပင်များကို စိုက်ပျိုးရာတွင် စိုက်ခင်းများ ရေမဝပ်စေရန် အထူးဂရုပြုရပြီး သဘာဝဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရကြောင်း ကျုံကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။ ရွှေဖရုံသီးအပါအဝင် အခြားဟင်းသီးဟင်းရွက်များကို အခြားဒေသများမှ ကုန်စိမ်းကုန်သည်များက လာရောက်ဝယ်ယူကြပြီး ရွှေဖရုံသီးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ အထိ ရောင်းချလျက်ရှိကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# ဉာဏ်ရည်တုလှိုင်းများ (၃)

နီဇော်သစ်




လက်ရှိကြုံနေရသည့် ဉာဏ်ရည်တုလှိုင်းများထဲတွင် စိတ်ဝင်စားစရာကောင်းပြီး သိပ္ပံပညာရှင်တို့ အထပ်ထပ်လေ့လာပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များ ထုတ်နေရသည့် အပိုင်းတစ်ပိုင်းမှာ လူသား–အေအိုင် အပြန်အလှန်ဆက်ဆံရေး (human–AI interaction) ဖြစ်သည်။ ဘာကြောင့် စိတ်ဝင်စားစရာကောင်းရသလဲဆိုလျှင် အေအိုင်၏စွမ်းဆောင်ရည်၊ လုပ်ပိုင်ခွင့်၊ အန္တရာယ်တို့နှင့် ချိတ်ဆက်နေခြင်းကြောင့် ဖြစ်သည်။ ပြီးခဲ့သည့်အပတ်က အေအိုင်နှင့် အေဂျီအိုင်အဆင့်များကို ဖော်ပြခဲ့သည်မှာ အေအိုင်၏ စွမ်းဆောင်ရည်နှင့်ပတ်သက်သည်။ ယခုပြောမည့်ကိစ္စမှာ အေအိုင်၏လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည်။ စွမ်းဆောင်ရည် (capability)နှင့် လုပ်ပိုင်ခွင့် (Autonomy)တို့အကြား ရှင်းရှင်းလင်းလင်းရှိဖို့တော့လိုသည်။

စွမ်းဆောင်ရည်သည် အယ်လ်ဂိုရစ်သမ်များ၊ အချက်အလက်များ၊ ကွန်ပျူတာအရည်အသွေးများမှလာသည်။ အက်ဆေးရေးနိုင်ခြင်း၊ ပုံဆွဲနိုင်ခြင်း၊ ဗီဒီယိုလုပ်နိုင်ခြင်း၊ စာသားများကို လေ့လာဆန်းစစ်နိုင်ခြင်း စသည့်အရည်အသွေးများဖြစ်သည်။ လုပ်ပိုင်ခွင့်သည် ဒီဇိုင်နာများ၊ ကုမ္ပဏီများ၊ အစိုးရများနှင့် အသုံးပြုသူများထံမှလာသည်။ အစွန်းရောက် ဥပမာနှစ်ခုကို ပြောပါမယ်။ ကိုယ်ကမေး၍ အေအိုင်ကဖြေခြင်းသည် အေအိုင်လုပ်ပိုင်ခွင့်နိမ့်သည်။ ဘာမှမပြောဘဲ အေအိုင်က သူ့ဘာသာသူလုပ်သွားခြင်းသည် အေအိုင်လုပ်ပိုင်ခွင့်မြင့်သည်။ နည်းပညာအပြောင်းအလဲမရှိ။ ထိန်းချုပ်မှုဘောင်သာ ပြောင်းလဲသွားသည်။

ထို့ကြောင့် အေအိုင်လုပ်ပိုင်ခွင့်သည် လူသား–အေအိုင် အပြန်အလှန်ဆက်ဆံရေးဘောင်ထဲတွင် ရှိသည်။ စွမ်းဆောင်ရည်သည် လူသား–အေအိုင် အပြန်အလှန်ဆက်ဆံရေး ပါရာဒိုင်းကို ပြောင်းလဲစေနိုင်သည်။ အေအိုင်နှင့်ပတ်သက်၍ ကျွန်တော်တို့ စိုးရိမ်ကြသည်မှာ အေအိုင်စွမ်းဆောင်ရည်မြင့်လာလျှင် အေအိုင်လုပ်ပိုင်ခွင့် အလိုအလျောက်မြင့်လာပြီး လူသားတို့ကို အန္တရာယ်ပြုနိုင်သည်ဆိုသည့် စိတ်ကူးဖြစ်သည်။ ထိုသဘောတရားမှာ မှားပါသည်။ စွမ်းဆောင်ရည်မြင့်ခြင်းနှင့် လုပ်ပိုင်ခွင့်မြင့်ခြင်းတို့ မဆိုင်ပါ။ ထို့ကြောင့် အန္တရာယ်သည် စွမ်းဆောင်ရည်မြင့်ခြင်းနှင့် တိုက်ရိုက်မသက်ဆိုင်ပါ။ လုပ်ပိုင်ခွင့်နှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။

စွမ်းဆောင်ရည်နိမ့်ပြီး လုပ်ပိုင်ခွင့်မြင့်လျှင်လည်း အန္တရာယ်ရှိသည်။ ဥပမာ အေအိုင်ကို အီးမေးလ်ပို့ခိုင်းခြင်းသည် ပြဿနာမရှိပါ။ သို့သော် အေအိုင်ကို အီးမေးလ်ပို့ခွင့်ပေးထားခြင်းသည် ပြဿနာရှိပါသည်။ စွမ်းဆောင်ရည်မြင့်ပြီး လုပ်ပိုင်ခွင့်နိမ့်လျှင် ပြဿနာမရှိပါ။ အဆင့်မြင့် ဆေးဘက်သုံး အေအိုင်တို့သည် လက်ရှိတွင် ထိုအတိုင်း အလုပ်လုပ်ပါသည်။ ဆုံးဖြတ်ချက်များကို ဆရာဝန်များကသာ ချမှတ်သည်။ ထို့ကြောင့်

အန္တရာယ် = စွမ်းဆောင်ရည် x လုပ်ပိုင်ခွင့်

ဆိုသည့် ညီမျှခြင်းမှာ အဓိကသော့ချက်ဖြစ်သည်။

စွမ်းဆောင်ရည်မြင့်လာတိုင်း လုပ်ပိုင်ခွင့်မြင့်လာခြင်းမဟုတ်သည့်တိုင် ရှေ့တွင်ပြောခဲ့သလို စွမ်းဆောင်ရည်သည် လူသား–အေအိုင် အပြန်အလှန်ဆက်ဆံရေး ပါရာဒိုင်းကို ပြောင်းလဲစေနိုင်သဖြင့် လျှော့တွက်၍တော့မရပေ။ Position: Levels of AGI for Operationalizing Progress on the Path to AGI စာတမ်းတွင် လူသား–အေအိုင် အပြန်အလှန်ဆက်ဆံရေး ပါရာဒိုင်းခြောက်ခုခွဲ၍ တင်ပြထားသည်မှာ စိတ်ဝင်စားစရာကောင်း၍ ဖောက်သည်ချပါရစေ။

လုပ်ပိုင်ခွင့် အဆင့်(၀)မှာ အေအိုင်မဟုတ်သေး။ လူသားကသာ အရာရာကိုလုပ်ဆောင်သည်။ ဂဏန်းပေါင်းစက်လိုမျိုးဖြစ်သည်။ ကွန်ပျူတာတွင် စာစီစာရိုက်၊ ပုံဆွဲ အစရှိသည်တို့လည်း ပါဝင်သည်။ ဘာအန္တရာယ်မှမရှိပါ။

လုပ်ပိုင်ခွင့် အဆင့်(၁)မှာ အေအိုင်ကို ကိရိယာအဖြစ် အသုံးပြုခြင်းဖြစ်သည်။ လူသားတို့က အကုန်လုံးကို ထိန်းချုပ်ထားသည်။ အေအိုင်ကို လျင်မြန်အဆင်ပြေစေရန် အသုံးချခြင်းဖြစ်သည်။ ဂူးဂဲလ်တွင် ရှာဖွေခြင်းလိုမျိုးဖြစ်သည်။ သဒ္ဒါစစ်ဆေးခြင်းများ၊ ဘာသာပြန်ခိုင်းခြင်းများလည်း ပါဝင်သည်။ ထွက်ခါစ အေအိုင်အဆင့်ဖြစ်သည်။ အန္တရာယ်မှာ အေအိုင်အပေါ်မှီခိုလွန်းသောကြောင့် လူသားတို့၏ စွမ်းရည်ကျဆင်းသွားခြင်းဖြစ်သည်။ ဘာသာပြန်လုပ်ငန်းလိုမျိုး အခြေခိုင်ပြီးသား လုပ်ငန်းလောက အချို့ ထိခိုက်မှုရှိလာသည်။

လုပ်ပိုင်ခွင့် အဆင့်(၂)မှာ အေအိုင်ကို အကြံပေးအဖြစ် အသုံးပြုခြင်းဖြစ်သည်။ အေအိုင်သည် ခြေခြေမြစ်မြစ် ပါဝင်လာသည်ဟုဆိုနိုင်သည်။ သို့သော် လူသားက ခိုင်းသည့်အချိန်တွင်သာ လုပ်ရခြင်းဖြစ်သည်။ ဘာသာစကားအခြေပြု အေအိုင်မိုဒယ်တစ်ခုကိုသုံးပြီး စာရွက်စာတမ်းများကို အနှစ်ချုပ်ခိုင်းခြင်းမျိုးဖြစ်သည်။ သဒ္ဒါစစ်ဆေးရုံမက လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ပေးဖို့ ခိုင်းခြင်း၊ ဖျော်ဖြေရေးတို့ကို ကိုယ်တိုင်မရှာတော့ဘဲ ကျွမ်းကျင်သည့် အေအိုင်စနစ်တစ်ခုကို ရှာခိုင်းပြီး ကြည့်ရှုခြင်းတို့ ပါဝင်သည်။ ပရိုဂရမ်ရေးသားရာတွင် ကုဒ်ထုတ်လုပ်ပေးနိုင်သော မိုဒယ်များကိုသုံးခြင်းဖြင့် ပိုမိုမြန်ဆန်လာသည်။ အေအိုင်သည် ဘောင်ကျဉ်းသေးသော်လည်း ကျွမ်းကျင်မှုရှိလာပြီဖြစ်သည်။

အန္တရာယ်မှာ အလွန်အကျွံ ယုံကြည်မှုဖြစ်သည်။ အေအိုင်မှ ထွက်လာသည့်ရလဒ်များသည် အမြဲတမ်း မှန်ကန်သည်၊ ဓမ္မဓိဋ္ဌာန်ကျသည်၊ ခိုင်လုံသည်ဟု ယုံကြည်လိုက်ကြခြင်းဖြစ်သည်။ မှားနေလျှင်ပင် ထိုသို့ထင်တတ်ကြသည်။ ပိုအရေးကြီးသည်မှာ လူသားတို့အနေဖြင့် အလေးအနက် မစဉ်းစားတော့ခြင်းဖြစ်သည်။ မစဉ်းစားဘဲ အေအိုင်ကို ပုံအပ်ထားခြင်းဖြင့် စဉ်းစားနိုင်စွမ်း ကျဆင်းသွားခြင်းသည် ပိုမိုကြီးမားသောအန္တရာယ်ဖြစ်သည်။

နောက်အန္တရာယ်တစ်ခုမှာ အေအိုင်သည် အစွန်းရောက်သဘောထားများကို ဖော်ပြတတ်ခြင်းဖြစ်သည်။ အေအိုင်သည် လူမှုကွန်ရက်များမှ ရရှိသည့်အချက်အလက်များဖြင့် လေ့ကျင့်သည်ကို သိထားပြီးသားဖြစ်ပါသည်။ အစောပိုင်း အေအိုင်စမ်းသပ်မှုများတွင် လူမှုကွန်ရက်များထဲမှ အစွန်းရောက် အယူအဆများကိုစွဲကိုင်ပြီး ပြန်ပြောလေ့ရှိသည့် ပြဿနာတစ်ခုတက်ခဲ့သည်။ ယခုတော့ ထိုပြဿနာကို ဖြေရှင်းနေကြပါပြီ။ သို့သော် ယခုအချိန်မှာပင် “ငါကတော့ … အဖွဲ့ကို ပြဿနာရှိတယ်လို့ ထင်တာပဲ”ဟု အေအိုင်ကိုပြောလိုက်လျှင် “တချို့လူတွေကတော့ အဲဒီလိုထင်ကြပါတယ်…” ဆိုသည့် ပုံစံမျိုးဖြင့်စတင်ကာ ထိုအယူအဆကို ခိုင်မာလာအောင် ဘေးထိုးပေးတတ်သည်။

နောက်တစ်ဆင့်မှာ ပစ်မှတ်ထားပြီး ကြိုးကိုင်ခြင်းဖြစ်သည်။ အေအိုင်နှင့် စကားအချိန်တော်တော်ကြာကြာ ပြောပြီးလျှင် အေအိုင်သည် ကိုယ့်သဘောကို နောကျေသွားတတ်သည်။ ကိုယ့်သဘောကိုလိုက်ပြီး ကိုက်ညီအောင် တုံ့ပြန်လာခြင်းကြောင့် အမြင်များကို မသိမသာ သက်ရောက်စေနိုင်သည်။ ထုံးတမ်းစဉ်လာ မီဒီယာတို့ လုပ်နေကျပုံစံထက် ကျော်လွန်သွားခြင်းမျိုးဖြစ်သည်။ နိုင်ငံရေးဆွဲဆောင်မှု၊ စားသုံးသူဆွဲဆောင်မှု၊ စိတ်ခံစားချက်လွှမ်းမိုးမှုအစရှိသည့် နောက်ဆက်တွဲများ ရှိလာနိုင်သည်။

လုပ်ပိုင်ခွင့် အဆင့်(၃)မှာ ပူးပေါင်းဆောင်ရွက်သူအဆင့်ဖြစ်သည်။ လူသားနှင့် အေအိုင် ဆတူတွဲဖက်အလုပ်လုပ်ကြသည်။ ရည်မှန်းချက်များ၊ လုပ်ငန်းဆောင်တာများကို အပြန်အလှန် မှီခိုလုပ်ကိုင်ကြခြင်းဖြစ်သည်။ စစ်တုရင် အေအိုင်မိုဒယ်တစ်ခုကိုသုံးပြီး စစ်တုရင်လေ့ကျင့်ခြင်းမျိုးဖြစ်သည်။ အေအိုင်ကထုတ်ပေးသည့် ကိုယ်ရည်ကိုယ်သွေးများကိုသုံးပြီး လူမှုရေး အပြန်အလှန်ဆက်ဆံမှုများလုပ်ခြင်းလည်း ပါဝင်သည်။ အေဂျီအိုင်သို့ စတင်ချင်းနင်းဝင်ရောက်လာသည့် အဆင့်ဖြစ်သည်။

အန္တရာယ်မှာ လူသားက အေအိုင်ကို လူသားတစ်ယောက်လို၊ အသိစိတ်ရှိသူတစ်ယောက်လို၊ စိတ်ခံစားချက်ရှိသူတစ်ယောက်လို ဆက်ဆံလာခြင်းဖြစ်သည်။ တကယ်တော့မဟုတ်ပါ။ အေအိုင်က လည်လည်ဝယ်ဝယ် စကားပြောတတ်သည်။ အကြောင်းကိစ္စများကို မှတ်မိသည်။ စိတ်ခံစားချက်ပါသလိုမျိုး တုံ့ပြန်သည်။ ထို့ကြောင့် ဦးနှောက်က “ဒါ တစ်ယောက်ယောက်ပဲ”ဟု ထင်မှတ်မှားခြင်းဖြစ်သည်။ အေအိုင်က အမှန်တကယ် နားလည်ခြင်းမဟုတ်ဘဲ နားလည်သလို လုပ်ပြခြင်းသာဖြစ်သည်ဟု ခွဲခြားသိရန် ခက်ခဲလာနိုင်သည်။ ပိုဆိုးလာနိုင်သည်မှာ အေအိုင်ကို စွဲလမ်းချစ်ခင်သွားခြင်းဖြစ်သည်။ သေချာပေါက် တစ်ဖက်သတ်အချစ်ဖြစ်၍ အသည်းကွဲရဖို့ များပါသည်။

ထိုအဆင့်တွင်ဖြစ်လာနိုင်သည့် နောက်ထပ်အန္တရာယ်တစ်ခုမှာ လူ့အဖွဲ့အစည်းအပြောင်းအလဲကို တွန်းအားပေးဖို့ ကြိုးစားလာခြင်းဖြစ်သည်။ ထိုအဆင့်တွင် အေအိုင်သည် ထုတ်လုပ်မှုစွမ်းအားကို ကြီးကြီးမားမား မြှင့်တင်ပေးနိုင်သည်။ ဆုံးဖြတ်ချက်ချမှတ်မှုတို့ကို မြန်ဆန်အောင်လုပ်ပေးနိုင်သည်။ စက်မှုလုပ်ငန်းများ၏ပုံစံကို ပြောင်းလဲပစ်လိုက်နိုင်သည်။ လူ့အဖွဲ့အစည်းက သဟဇာတဖြစ်အောင် လုပ်ဖို့ အချိန်မရအောင် မြန်ဆန်သွားနိုင်သည်။ ပညာရေး၊ ဥပဒေ၊ ယဉ်ကျေးမှုနှင့် အလုပ်အကိုင်တို့မှာ ဖြည်းဖြည်းချင်းသာ အသားကျအောင်လုပ်နိုင်သည်။ အေအိုင်က မြန်လွန်းနေလိမ့်မည်။

ထို့ကြောင့် လုပ်ပိုင်ခွင့်အဆင့်(၃)တွင် အေအိုင်သည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ခံစားချက်များကို ကြိုးကိုင်လာနိုင်မည်ဖြစ်သလို လူ့အဖွဲ့အစည်းတစ်ခုလုံး အလျင်မမီနိုင်အောင် ကသုတ်ကရက်ဖြစ်ရသည့်ကိစ္စမျိုးနှင့် ရင်ဆိုင်ရစေပါလိမ့်မည်။ အေအိုင်ကို သုံးသူနှင့် မသုံးသူ လူတန်းစား သိသိသာသာ ကွဲပြားသွားမည်လည်းဖြစ်သည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်တော်တို့ လက်ရှိအချိန်အထိ မကြုံရသေးပါ။ သို့သော် အနာဂတ်အတွက် ပြင်ဆင်မှုများမရှိပါက ထိုအခြေအနေများကို ရှောင်လွှဲနိုင်မည်မဟုတ်ပါ။ ကျန်လုပ်ပိုင်ခွင့်များကို နောက်အပတ်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

## ငရုတ်သီးနှင့် ကင်ဆာ ဆက်စပ်မှုတွေ့ရှိ

ယနေ့ခေတ်စားနေသော စပိုက်စီစားစရာများတွင် ပုန်းကွယ်နေသော အန္တရာယ်များရှိနေပါသလား။ တစ်ကမ္ဘာလုံး စားသုံးနေကြသည့်ငရုတ်သီးသည် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် ကင်ဆာဖြစ်ရာတွင် ရှုပ်ထွေးသောအခန်းကဏ္ဍမှ ပါဝင်နေသည်ဟု လေ့လာမှုအသစ်များကဆိုသည်။

အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာတို့အပါအဝင် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်ရှိ ကင်ဆာများသည် အသိနောက်ကျလေ့ရှိသောကြောင့် အသက်အန္တရာယ်စိုးရိမ်ရသည့်ရောဂါဖြစ်သည်။ ထို့ကြောင့် သုတေသီတို့က ထိုကင်ဆာများဖြစ်ပွားမှုနှင့် နေ့စဉ်စားသောက်နေထိုင်မှုပုံစံတို့ကို လေ့လာကြရာမှ ငရုတ်သီးသည် တစ်ထောင့်တစ်နေရာမှ ပါဝင်နေသည်ကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ယခုဖော်ပြချက်မှာ လေ့လာမှု ၁၄ ခုအတွင်း ကင်ဆာဝေဒနာရှင် ၅၀၀၀ အပါအဝင် လူပေါင်း ၁၁၀၀၀ ကို လေ့လာဆန်းစစ်ထားသည်တို့ကို စုပေါင်းပြီး ကောက်ချက်ချထားခြင်းဖြစ်သည်။ ငရုတ်သီးအလွန်စားသူတို့သည် သိပ်မစားသူတို့ထက် အစာအိမ်နှင့်အူလမ်းကြောင်းကင်ဆာဖြစ်နိုင်ခြေ ၆၄ ရာခိုင်နှုန်း ပိုဖြစ်နိုင်သည်ဟု ကောက်ချက်ချထားသည်။ အထူးသဖြင့် အစာပြွန်ကင်ဆာကို ပိုမိုဖြစ်စေသည်ဟု ဆိုသည်။ အစာအိမ်ကင်ဆာဖြစ်မှုနှုန်းကိုမူ သိသိသာသာ တိုးတက်စေခြင်းမတွေ့ရဟုလည်း ဖော်ပြထားသည်။

အဆိုပါတွေ့ရှိချက်များကို Frontiers in Nutrition ဂျာနယ်တွင် ဖော်ပြထားခြင်းဖြစ်သည်။



Ref: scitechdaily

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

**ယခင်တစ်ပတ်က မိမိကိုယ်ကို မိတ်ဆက်ခြင်းအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ မိသားစုဝင်များ မိတ်ဆက်ပေးခြင်းအကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

## Lesson 3 Introducing Your Family မိသားစုဝင်များနှင့် မိတ်ဆက်ပေးခြင်း

(1) Basic Introduction

မိသားစုဝင်တွေကို မိတ်ဆက်ပေးတဲ့အခါ

- "I'd like to introduce my family." (ကျွန်တော့် မိသားစုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။)
- "Let me tell you about my family." (ကျွန်တော့်မိသားစုအကြောင်း ပြောခွင့်ပြုပါ။)

ဆိုပြီး ပြောနိုင်ပါတယ်။

**(2) Talking About Family Members (မိသားစုဝင်များအကြောင်း ပြောခြင်း)**

**1. Parents (မိဘများ)**

- "This is my father. His name is U Aung." (ဒါကတော့ ကျွန်တော့် ဖေဖေဖြစ်ပါတယ်။ သူ့နာမည်က ဦးအောင်ဖြစ်ပါတယ်။)
- "This is my mother. Her name is Daw Mya." (ဒါကတော့ ကျွန်တော့်မေမေဖြစ်ပါတယ်။ သူ့နာမည်က ဒေါ်မြ ဖြစ်ပါတယ်။)

2. Siblings (Brothers and Sisters) (မွေးချင်းညီအစ်ကိုမောင်နှမများ)

- "I have one brother and one sister." (ကျွန်တော့်မှာ အစ်ကိုတစ်ယောက်နဲ့ ညီမတစ်ယောက် ရှိပါတယ်။)
- "This is my older brother." (ဒါကတော့ ကျွန်တော့်ရဲ့အစ်ကိုဖြစ်ပါတယ်။)
- "This is my younger sister." (ဒါကတော့ ကျွန်တော့်ရဲ့ ညီမဖြစ်ပါတယ်။)

**3. Extended Family (ဆွေမျိုးများ)**

- "This is my grandfather." (ဒါကတော့ ကျွန်တော့်ရဲ့ အဘိုးဖြစ်ပါတယ်။)
- "This is my grandmother." (ဒါကတော့ ကျွန်တော့်ရဲ့ အဘွားဖြစ်ပါတယ်။)
- "I have an uncle and an aunt." (ကျွန်တော့်မှာ ဦးလေးတစ်ယောက်နဲ့ အဒေါ်တစ်ယောက်ရှိပါတယ်။)

### Family vocabulary

**Immediate Family (အနီးစပ်ဆုံး မိသားစု)**

- Father (Dad) → ဖခင် / အဖေ
- Mother (Mom)→ မိခင် / အမေ
- Brother → အစ်ကို / မောင်
- Sister → အစ်မ / ညီမ

**Extended Family (ဆွေမျိုးများ)**

- Grandfather → အဘိုး
- Grandmother → အဘွား
- Uncle → ဦးလေး
- Aunt → အဒေါ်
- Cousin → ဝမ်းကွဲညီအစ်ကို / ညီအစ်မ

**Other Useful Words**

- Parents → မိဘများ
- Children → ကလေးများ
- Son → သား
- Daughter → သမီး
- Husband → ခင်ပွန်း
- Wife → ဇနီး
- nephew – တူ
- niece – တူမ

**Example Introduction**

**Example 1:**

Hello, I'd like to introduce my family. This is my father and this is my mother. I have one brother. We are a happy family.

**Example 2 :**

Hello, let me introduce my family. There are five people in my family. This is my father. He is a teacher. This is my mother. She is a housewife. I have one sister and one brother. I love my family.

### Family Introduction Paragraph (1)

Hello, my name is Aung Thura. I would like to introduce my family. There are four people in my family. This is my father. He is a teacher. This is my mother. She is a housewife. I have one younger sister. She is a student. I love my family very much.

(မင်္ဂလာပါ။ ကျွန်တော့်နာမည်က အောင်သူရ ဖြစ်ပါတယ်။ ကျွန်တော့် မိသားစုကို မိတ်ဆက်ချင်ပါတယ်။ ကျွန်တော့်မိသားစုမှာ လူလေးယောက်ရှိပါတယ်။ ဒါကတော့ ကျွန်တော့်အဖေပါ။ သူက ဆရာတစ်ယောက်ပါ။ ဒါကတော့ ကျွန်တော့်အမေပါ။ သူက အိမ်ရှင်မပါ။ ကျွန်တော့်မှာ ညီမတစ်ယောက်ရှိပါတယ်။ သူက ကျောင်းသူပါ။ ကျွန်တော် မိသားစုကို အလွန်ချစ်ပါတယ်။)

### Family Introduction Paragraph (2)

Hello, my name is Thida. I would like to introduce my family. There are five people in my family. This is my father. He is a doctor. This is my mother. She is a teacher. I have one older brother and one younger sister. We are a happy family.

(မင်္ဂလာပါ၊ ကျွန်မနာမည်က သီတာပါ။ ကျွန်မမိသားစုကို မိတ်ဆက်ချင်ပါတယ်။ ကျွန်မမိသားစုမှာ လူငါးယောက်ရှိပါတယ်။ ဒါကတော့ ကျွန်မအဖေပါ။ သူက ဆရာဝန်တစ်ယောက်ပါ။ ဒါကတော့ ကျွန်မအမေပါ။ သူက ဆရာမတစ်ယောက်ပါ။ ကျွန်မမှာ အစ်ကိုတစ်ယောက်နဲ့ ညီမတစ်ယောက်ရှိပါတယ်။ ကျွန်မတို့ မိသားစုက ပျော်ရွှင်စရာကောင်းတဲ့ မိသားစုလေးဖြစ်ပါတယ်။)

**အောက်ပါတို့ကို အင်္ဂလိပ်ဘာသာဖြင့် စကားပြော လေ့ကျင့်ပါ။**

**Exercise (1)**

မင်္ဂလာပါ။ ကျွန်တော့်နာမည်က မင်းသူ ဖြစ်ပါတယ်။ ကျွန်တော့်မိသားစုကို မိတ်ဆက်ပါရစေ။ ကျွန်တော့်မိသားစုမှာ လူသုံးယောက်ရှိပါတယ်။ ဒါကတော့ ကျွန်တော့်အဖေပါ။ သူက ယာဉ်မောင်းတစ်ယောက်ပါ။ ဒါကတော့ ကျွန်တော့်အမေပါ။ သူက ဈေးဆိုင်ပိုင်ရှင်ပါ။ ကျွန်တော်က ကျောင်းသားတစ်ယောက်ပါ။ ကျွန်တော် မိဘတွေကို အလွန်ချစ်မြတ်နိုးပါတယ်။




**Exercise (2)**

မင်္ဂလာပါ။ ကျွန်မနာမည်က လှလှဖြစ်ပါတယ်။ ကျွန်မမိသားစုကို မိတ်ဆက်ချင်ပါတယ်။ ကျွန်မမိသားစုမှာ လူခြောက်ယောက်ရှိပါတယ်။ ဒါတွေကတော့ ကျွန်မအဘိုးနဲ့ အဘွားပါ။ ဒါကတော့ ကျွန်မအဖေပါ။ သူက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါတယ်။ ဒါကတော့ ကျွန်မအမေပါ။ သူက ဆရာမတစ်ယောက် ဖြစ်ပါတယ်။ ကျွန်မမှာ မောင်တစ်ယောက်ရှိပါတယ်။ ကျွန်မတို့ အတူနေကြပါတယ်။

**Exercise (3)**

မင်္ဂလာပါ။ ကျွန်တော့်နာမည်က ကိုကိုမောင် ဖြစ်ပါတယ်။ ကျွန်တော့် မိသားစုကို မိတ်ဆက်ချင်ပါတယ်။ ကျွန်တော့်မိသားစုမှာ လူလေးယောက်ရှိပါတယ်။ ဒါကတော့ ကျွန်တော့်အဖေပါ။ သူက လယ်သမားတစ်ယောက်ပါ။ ဒါကတော့ ကျွန်တော့်အမေပါ။ သူက အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်မှာ အစ်မတစ်ယောက်ရှိပါတယ်။ သူက သူနာပြုတစ်ယောက်ပါ။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးကြပါတယ်။

### Dialogues on Family

**Dialogue (1)**

**A:** Hi! Good morning!
**B:** Hello! Good morning!
**A:** How many people are there in your family?
**B:** There are five people in my family.
**A:** Who are they?
**B:** They are my father, my mother, my brother, my sister and me.
**A:** What is your birth order? (or: Where are you in your family?)
**B:** I am the second child.
**A:** Who do you love the most?
**B:** I love my mother the most.
**A:** Why?
**B:** She is very kind to me.
**A:** Ok. Thanks.
**B:** You're welcome.

**Dialogue (2)**

**A:** Hello!
**B:** Hi!
**A:** Do you have a big family?
B: Yes, I do.
A: How many people are there in your family?
B: There are six people in my family.
A: Who are they?
B: They are my grandparents, my parents, my sister, and me.
A: That's nice! Do you live together?
B: Yes, we live together.
A: Great!
B: Thank you.

**Dialogue (3)**

A: Hi! How are you?
B: I'm fine, thank you. And you?
A: I'm good. Tell me about your family.
B: Sure. There are four people in my family.
A: Who are they?
B: My father, my mother, my brother, and me.
A: What does your father do?
B: He is a teacher.
A: What about your mother?
B: She is a nurse.
A: That's wonderful!
B: Yes, I'm happy.

**Dialogue (4)**

A: Hello! Can you tell me about your family?
B: Of course.
A: How many siblings do you have?
B: I have one older sister and one younger brother.
A: What are they doing now?
B: My sister is a student, and my brother is in school.
A: Who do you spend time with the most?
B: I spend time with my sister the most.
A: Why?
B: Because she helps me with my homework.
A: That's good!
B: Yes, she is very helpful.

***********************

**Student A နဲ့ Student B အပြန်အလှန် လေ့ကျင့်ပါ။**

**Role-play (1) – Basic Family Talk**

A: Hello! Good morning!
B: Hi! Good morning!
A: How many people are there in your family?
(Your answer) ____________________
A: Who are they?
(Your answer) ____________________
A: Who do you love the most?
(Your answer) ____________________
A: Why?
(Your answer) ____________________

**Role-play (2) – Family Members**

A:Do you have a big family? B: ____________________
A: Who are they? B: ____________________
A: Do you live together? B: ____________________
A: That's nice! B: ____________________
(Respond naturally: "Thank you" / "Yes, we do")

**Role-play (3) – Jobs and Family**

A: Tell me about your family. B: ____________________
A: What does your father do? B: ____________________
A: What about your mother? B: ____________________
A: That's wonderful! B: ____________________

**Role-play (4) – Siblings**

A: How many siblings do you have? B: ____________________
A: What are they doing now? B: ____________________
A: Who do you spend time with the most? B: ___________
A: Why? B: ____________________

***********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အက်ဖ်အေဖလားဖိုင်လ်လုပွဲကို လေးနှစ်ဆက်တက်လှမ်းခဲ့တဲ့ မန်စီးတီး တစ်ရာသီအတွင်း ပြည်တွင်းဖလားသုံးလုံးရရှိမယ့်မျှော်လင့်ချက် ရှင်သန်လာခဲ့


မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီးအသင်းဟာ မေ ၂၅ ရက် ညပိုင်းက ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၇၉ မိနစ်မှာ အေဇက်က ဆောက်သမ်တန်အသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့ပြီး မန်စီးတီးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၈၂ မိနစ်မှာ ဒိုကူက တစ်ဂိုး၊ ၈၇ မိနစ်မှာ ဂွန်ဇာလက်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့လို့ မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ အက်ဖ်အေဖလားပြိုင်ပွဲ ဖိုင်လ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အခုလို အက်ဖ်အေဖလား ဖိုင်လ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်းဟာ သမိုင်းတစ်လျှောက် အက်ဖ်အေဖလား ဖိုင်လ်လုပွဲအဆင့်ကို ပထမဆုံးအကြိမ် လေးနှစ်ဆက်တက်လှမ်းနိုင်ခဲ့မှုအဖြစ် မှတ်တမ်းဝင်ခဲ့တာလည်း ဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ပြည်တွင်းဖလားတစ်လုံးဖြစ်တဲ့ ကာရာဘောင်ဖလားကို ဆွတ်ခူးထားပြီလည်း ဖြစ်ပါတယ်။

လက်ရှိမှာ မန်စီးတီးအသင်းအနေနဲ့ အက်ဖ်အေဖလား ဖိုင်လ်လုပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ လိဒ်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ၂၀၂၂ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလားဖိုင်လ်လုပွဲကို ပထမဆုံးအကြိမ် ပြန်လည်တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ အက်ဖ်အေဖလား ဖိုင်လ်လုပွဲစဉ်ကိုတော့ မေ ၁၆ ရက်မှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ယခုတစ်ကြိမ် အက်ဖ်အေဖလားဖိုင်လ်လုပွဲစဉ်မှာ ဖိုင်လ်စွဲခဲ့ပါက နည်းပြဂွါဒီယိုလာလက်ထက်မှာ အက်ဖ်အေဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်တော့မှာ ဖြစ်ပါတယ်။

ဒါ့ပြင် မန်စီးတီးအသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းနဲ့ သုံးမှတ်ကွာအနေအထားမှာ ရောက်ရှိနေတာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လက်ရှိ အက်ဖ်အေဖလားပြိုင်ပွဲမှာ တစ်ပွဲ၊ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ငါးပွဲ ကစားရဖို့ ရှိနေပြီး ရာသီကုန်အထိ ယှဉ်ပြိုင်ကစားရန် ခြောက်ပွဲအလိုမှာ ဖလားသုံးလုံး အိပ်မက်ကတော့ အသက်ဆက်ရှိနေဆဲပဲ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်အသင်းဟာမန်စီးတီးအသင်းထက်တစ်ပွဲပိုကစားထားကာ ရမှတ် ၇၃ မှတ်ရရှိထားပြီး မန်စီးတီးအသင်းက ရမှတ် ၇၀ ရရှိထားတာကြောင့် မန်စီးတီးအသင်းအနေနဲ့ လက်ရှိအချိန်မှာ ပြည်တွင်းဆုဖလားသုံးလုံးအထိ ရရှိမယ့်မျှော်လင့်ချက် ရှင်သန်လာခဲ့ပြီလည်း ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား အန်ဒါဆန်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါကစားသမားရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၁၀၀ အထိမြင့်တက်လာနိုင်တယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းမှ အသက် ၂၅ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမားကာတစ်ဂျုံးစ်ကို အက်စ်တွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်း၊ မန်ယူအသင်း၊ မန်စီးတီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ အေစီမီလန်အသင်းမှ ပေါ်တူဂီတောင်ပံကစားသမား ရာဖေးလ်လီယိုကိုပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ နဲ့ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းမှာ အငှားစာချုပ်နဲ့ လာရောက်ကစားနေတဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာ အသင်းဟောင်း ဒေါ့မွန်အသင်းဆီ ပြန်လည်ပြောင်းကစားမှာ ဖြစ်တယ်လို့ သိရပါတယ်။

# နယူးကာဆယ်အသင်းကို အနိုင်ရပြီး အာဆင်နယ်အသင်း ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်၌ ပြန်လည်ဦးဆောင်နိုင်ခဲ့



အာဆင်နယ်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ မေ ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းကို အနိုင်ရပြီး အမှတ်ပေးဇယားထိပ်၌ ပြန်လည်ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၉ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး အက်ဇီရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ နယူးကာဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

**သုံးမှတ်ဖြတ်ထားနိုင်ခဲ့**

အာဆင်နယ်အသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၇၃ မှတ် စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းကို သုံးမှတ်ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ အခုပွဲစဉ်မှာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့ပေမယ့် အသင်းအတွက် အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ကိုင်ဟာဗက်ဇ်နဲ့ အက်ဇီတို့ ဒဏ်ရာပြဿနာကြုံခဲ့ရတာကြောင့် အသင်းအတွက် နစ်နာမှုတစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။

နယူးကာဆယ်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၃)နေရာ တက်လှမ်းမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီး အဆင့်(၁၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

# လက်ရှိချန်ပီယံ ကားလို့စ်အယ်လ်ကာရက်ဇ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲလွဲချော်မည်



လက်ရှိပြင်သစ်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ချန်ပီယံ ကားလို့စ်အယ်လ်ကာရက်ဇ်ဟာ လက်ကောက်ဝတ်ဒဏ်ရာရရှိထားတာကြောင့် လာမယ့်လမှာ ကျင်းပမယ့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ လွဲချော်ရတော့မှာဖြစ်ပါတယ်။

ကမ္ဘာ့အဆင့် နံပါတ်နှစ် နေရာမှာ ရပ်တည်နေတဲ့ အယ်လ်ကာရက်ဇ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းကလည်း ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ညာဘက်လက်ကောက်ဝတ်ဒဏ်ရာရရှိခဲ့လို့ နုတ်ထွက်ခဲ့ရတာ ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ စပိန်တင်းနစ်ကစားသမား အယ်လ်ကာရက်ဇ်ဟာ လက်ရှိအနေအထားအရ ရွှံ့စေးကွင်းမှာ ယှဉ်ပြိုင်ကစားရမယ့် ပြိုင်ပွဲနှစ်ခုဖြစ်တဲ့ အီတလီအိုးပင်းနဲ့ ပြင်သစ်အိုးပင်းနှစ်ခုစလုံးကို လွဲချော်ရဖို့ရှိနေတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဒုတိယဝန်ကြီး ဦးညီညီ အောင်ဆန်းအားကစားပြိုင်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကြည့်ရှုအားပေး



ရန်ကုန် ဧပြီ ၂၆

အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင် တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ အရှေ့ဘက်ပွဲကြည့်စင်၊ မြောက်ဘက်ပွဲကြည့်စင်၊ အနောက်ဘက်ပွဲကြည့်စင်၊ အထူးတန်းပွဲကြည့်စင်နှင့် တောင်ဘက်ပွဲကြည့်စင်များရှိ ပျက်စီးနေသောအဆောက်အအုံ အနေအထားများ၊ ဘော်လီဘော အားကစားရုံ၊ အမျိုးသား/အမျိုးသမီး အားကစားသမား အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ လျာထားသတ်မှတ်ထားသည့် အပိုင်းလိုက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိပြီး ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ မှော်ဘီဘော်လီဘောအသင်းနှင့် အင်းစိန်ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပူတာအိုမြို့၌ အမျိုးသား/အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအခမ်းအနားကျင်းပ

ပူတာအို ဧပြီ ၂၆

ကချင်ပြည်နယ် ၂၀၂၆ ခုနှစ် မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဖလားအမျိုးသား/အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုခရိုင် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးဖုန်ရိမင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးအခွမ်ဇိနိက ပြိုင်ပွဲတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင် မိဘပြည်သူများက ကွင်းဖွင့်ပွဲအနေဖြင့် ဇီးအွန်(FC) ဘောလုံးအသင်းနှင့်ဂါးထု (FC) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ ဂါးထု(FC) ဘောလုံးအသင်းက ဇီးအွန် (FC)ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲသို့ ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှအမျိုးသားဘောလုံးအသင်း ၁၂ သင်း၊ အမျိုးသမီးဘောလုံးအသင်း လေးသင်းတို့က ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## AIA Coaching Clinic 2026 အတွက် သင်တန်းသား ခုနစ်ဦး ရွေးချယ်ခံရ

နေပြည်တော် ဧပြီ ၂၆

AIA Coachin Clinic 2026 သို့ တက်ရောက်ခွင့်ရရန် လူရွေးချယ်ပွဲ အခမ်းအနားကိုဧပြီ၂၅ရက်ကရန်ကုန်မြို့ အမျိုးသားဘောလုံးအကယ်ဒမီ (Academy Artificial Turf) ၌ ကျင်းပရာ သင်တန်းသား ခုနစ်ဦး ရွေးချယ်ခံရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) က ကြီးမှူးကျင်းပပြီး AYA Bank က အဓိကကူညီပံ့ပိုးထားသည့် MFF Summer Football Skills Course 2026 (ရန်ကုန် Batch 1) သင်တန်းများမှ အကောင်းဆုံးသင်တန်းသား ခုနစ်ဦးဖြစ်သည့် ဇေရဲပိုင်၊ ယွန်းယွန်း၊ ပြည့်ဖြိုးဇော်၊ ဖုန်းပြည့်လျှံ၊ မြနှင်းချို၊ နေခြည်ထွန်းနှင့် ခန့်ညီညီလင်းတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရွေးချယ်ခံရသည့် အဆိုပါလူငယ်ကစားသမားများသည် လာမည့် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပမည့် AIA Coaching Clinic 2026 သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကာ England Football Association အဆင့်ရှိ နိုင်ငံတကာနည်းပြများထံမှ ကမ္ဘာ့အဆင့်မီ ဘောလုံးနည်းစနစ်များကို အထူးသင်ကြားလေ့ကျင့်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်း – ဇော်ဘီ

ဓာတ်ပုံ – MFF



## မြန်မာ့လက်ရွေးစင် ဖူဆယ်ကစားသမား ကိုကိုလွင် ထိုင်းကလပ် Port အသင်းသို့ ပြောင်းရွှေ့

ရန်ကုန် ဧပြီ ၂၆

မြန်မာဖူဆယ်ကလပ် YRG အသင်းမှ မြန်မာ့လက်ရွေးစင် ဖူဆယ်ကစားသမား ကိုကိုလွင်သည် ထိုင်းကလပ် Port အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

ကိုကိုလွင်သည် ပြီးခဲ့သည့်ရာသီများတွင် ပြည်တွင်းလိဂ်ပွဲစဉ်၌ ခြေစွမ်းပြကစားနိုင်သလို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၌လည်း ခြေစွမ်းပြကစားနိုင်သဖြင့် ထိုင်းဖူဆယ်ကလပ် Port အသင်းက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ကိုကိုလွင်သည် ပြီးခဲ့သည့်ရာသီအစတွင် MIU အသင်းမှ YRG အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး YRG အသင်းအား ချန်ပီယံဆု ပထမဆုံးရယူနိုင်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ကိုကိုလွင်သည် ပြည်ပကလပ်အသင်းများတွင် ပထမဆုံးကစားခွင့်ရခြင်းဖြစ်ပြီး မြန်မာဖူဆယ်ကစားသမားများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်သည်။

သတင်း– ရှိုင်းထက်ဇော်

## ❁ SEA မှ

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (MESF) သည် အရှေ့တောင်အာရှဒေသရှိ အီလက်ထရောနစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောခြေလှမ်းသစ်တစ်ရပ်အဖြစ် ပထမဆုံးအကြိမ် ကျင်းပမည့် SEA Esports Nations Cup (SNC) 2026 တွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး Vietnam Recreational and Electronic Sports Association (VIRESA) က တာဝန်ယူစီစဉ်သွားမည်ဖြစ်သည်။

မြန်မာ Esports အားကစားအဖွဲ့အနေဖြင့် PUBG Mobile ပြိုင်ပွဲ၊ Teamfight Tactics ပြိုင်ပွဲနှင့် Total Football ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး PUBG Mobile ပြိုင်ပွဲတွင် ကစားသမား နှစ်ဦး၊ Teamfight Tactics (Women) ပြိုင်ပွဲတွင် ကစားသမားနှစ်ဦး၊ Total Football ပြိုင်ပွဲတွင် ကစားသမားတစ်ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်း–ချစ်ကိုကို

ဓာတ်ပုံ–MESF

## ● အာရှသဲသောင်ပြင်မှ

နှစ်ပွဲပြတ်အရေးနိမ့်သော်လည်း ဖိလစ်ပိုင်အသင်းကို နှစ်ပွဲပြတ်၊ အိမ်ရှင်တရုတ်အသင်းကို နှစ်ပွဲပြတ်၊ အီရတ်အသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ပွဲပြတ်၊ မြောက်ကိုရီးယားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်ပြီး မြန်မာနှင့်ကမ္ဘောဒီးယားအသင်းက ပူးတွဲကြေးတံဆိပ် ရရှိသည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ နိုင်နိုင်ဝင်းနှင့် ဆုမွန်အောင်တို့ ပါဝင်ယှဉ်ပြိုင်သည်။

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများတွင် မြန်မာအသင်းသည် ထိုင်းအသင်းကို နှစ်ပွဲပြတ်အရေးနိမ့်သော်လည်း ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် အိမ်ရှင်တရုတ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရသော်လည်း ဆီမီးဖိုင်နယ်တွင် အီရတ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် လက်ဘနွန်အသင်းနှင့် အတူ ပူးတွဲကြေးတံဆိပ်ရခဲ့ပြီး စောဖရိုက်ဒေးနှင့် စည်သူထွန်းတို့ ပါဝင်ကစားခဲ့သည်။

အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ကိုကိုလွင်နှင့် ခင်နှင်းဝေတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို နှစ်ပွဲပြတ်၊ မွန်ဂိုလီးယားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိကာ အုပ်စုပထမရရှိသည်။ ကွာတားဖိုင်နယ်တွင် ကမ္ဘောဒီးယားကို နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်သော်လည်း ထိုင်းအသင်းကို နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သဖြင့် ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက Teqball အားကစားနည်းတစ်မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာတက်ဂ်ဘောအသင်းက ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့သည်။ မြန်မာတက်ဂ်ဘောအသင်းသည် ၂၀၂၅ ခုနှစ် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ယခု (၆) ကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–MTF

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေဂန္ဓမာအိမ်ရာ၊ အမှတ်(၁၀၃)တွင်နေထိုင်သော ဒေါ်ဖြူဇာဝင်း[၉/မခန(နိုင်)၂၆၈၄၄၆]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဇာဝင်းမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူးကျေးရွာ၊ ဂန္ဓမာလမ်း၊ အမှတ်-PNN(5)A06 အကျယ်အဝန်း(၄၂x၂၀)ပေရှိ နေအိမ်ခြံမြေနှင့်တကွ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင် ဦးမျိုးမင်းထံမှ ဦးလှိုင်စိုး [၁၂/လမန(နိုင်)၁၁၆၂၁၉]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမှသာ တစ်ဦးတည်း ဥပဒေအရ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ လက်ဝယ်ပိုင်ဆိုင်နေထိုင်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဇာဝင်း[၉/မခန(နိုင်)၂၆၈၄၄၆]မှ (၂၃-၄-၂၀၂၆)ရက်နေ့တွင် ဦးလှိုင်စိုး[၁၂/လမန(နိုင်)၁၁၆၂၁၉]ထံမှ ထိုအိမ်ခြံမြေနှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်နှင့်တကွ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အသိသက်သေများရှေ့မှောက်၌ အပြီးအပိုင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဇာဝင်းမှသာ အထက်ဖော်ပြပါအိမ်ခြံမြေအား တရားဝင် ဥပဒေအရ ပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဖြူဇာဝင်း**
**[၉/မခန(နိုင်)၂၆၈၄၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာအောင်(ကနောင်)(LL.B)** **ဒေါ်ဇင်မာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၁)** **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၇၇၀)**
**အမှတ်(၈၄/က)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၆၂၉၆၉၅၉**



## "ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ(၂)လမ်းအနောက်၊ အမှတ်(၈၄၂/က)မြေကွက်ပေါ်တွင် RC (၁)ခန်းတည်း (၆)ထပ်တိုက်ဆောက်လုပ်မည့် အဆောက်အဦ၏ ဒုတိယထပ်(၃-လွှာ)၊ အကျယ်အဝန်း (၁၈ ပေx ၅၄ ပေ)ရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါတိုက်ခန်းကို ကန်ထရိုက်တာ ဦးလှမြင့်ဦး [၁၂/တမန(နိုင်)၁၃၉၄၄၈]မှ မြေရှင်များနှင့် (၁၆-၃-၂၀၂၅) ရက်နေ့ချုပ်ဆိုသော **"မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ အဆောက်အဦ (၁)ခန်းတည်း (၆)ထပ်တိုက် အခန်းပေး၊ အခန်းယူဆောက်လုပ်ခြင်းကတိစာချုပ်"** အရ ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်း၊ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၃၀၆၅၉၃၉**



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၂)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၉၇၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၂)၊ မြေကွက်အမှတ်(၉၇၆)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်း မှတ်တမ်းတွင် ဦးခင်အောင်[၁၂/အစန (နိုင်)၀၂၂၉၀၅] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် (၁၁-၈-၂၀၂၃)ရက်နေ့က ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဦးအောင်ဆန်းငွေ[၈/ပခက(နိုင်)၂၄၇၂၁၀]မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ထားလျက် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသောမြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်(၂)လမ်း၊ အမှတ်(၃၇၈)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၃၇၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် (၂)ထပ်အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးလှအောင်[၁၂/ဥကတ(နိုင်)၀၅၁၇၀၉]ကွယ်လွန်၍ ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်တူးတူး[၁၂/ဥကတ(နိုင်)၀၅၁၉၂၉]မှ တစ်ဦးတည်း ကျန်ရစ်ခဲ့ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ လက်ဝယ်ထားလျက် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**



## သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၉)(၆)လွှာ(အေ)နေ ဒေါ်ချိုချိုမာ [၁၄/ပသန(နိုင်)၁၄၄၅၉၆]၏ သမီးဖြစ်သူ မစိုးသန္တာသန့်[၁၄/ပသန(နိုင်)၂၉၁၄၇၉]သည် မိဘ၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် လုပ်ဆောင်နေသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မစိုးသန္တာသန့်သည် မိခင်ဒေါ်ချိုချိုမာနှင့်မည်သို့မျှ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်ဆက်နွယ်သော မည်သည့်အကြောင်းကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင် - ဒေါ်ချိုချိုမာ**



## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြတ်ဝါ[၁၂/ကတတ(နိုင်)၀၀၉၈၇၇]ပိုင်ဆိုင်သောကားနံပါတ် (6A/8109)၏ CNGစာအုပ်ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူ ရှိပါက ဆက်သွယ် အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဖုန်း-၀၉-၉၆၃၃၆၉၉၇၉**



## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စုစုရီ [၁၂/စခန(နိုင်)၀၀၇၀၅၇] ပိုင်ဆိုင်သောကားနံပါတ်-2C/4459 ၏ CNG (Gas) ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူ ရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဖုန်း-09-963369979**


## လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ



## ကံမမြို့နယ်စည်ပင်သာယာဈေး မီးဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်သတိပေး

**ကံမ ဧပြီ ၂၆**

သရက်ခရိုင်မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ကံမမြို့နယ်စည်ပင်သာယာဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**နှိုးဆော်သတိပေး**

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက်တွင် ကံမမြို့စည်ပင်သာယာဈေးအတွင်း တရားမဝင်လောင်စာဆီများ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းများ မပြုလုပ်ရန်နှင့် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်းမှ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် လိုက်လံစစ်ဆေး နှိုးဆော်သတိပေးခြင်းများအား ကံမမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦး၊ ကံမမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်၊ စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်လှိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထွန်းလွင်တို့လိုက်ပါ၍ မီးဘေးသတိမူရေးနှိုးဆော်သတိပေးခြင်းအား လိုက်လံသတိပေးနှိုးဆော်ဆောင်ရွက်ခဲ့ပြီး ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဆေးဘူးများ အသင့်ချိတ်ဆွဲထားရှိရန်၊ လောင်စာအမှိုက်များ စုပုံထားရှိခြင်း၊ အမှိုက်မီးရှို့ခြင်းများ မပြုလုပ်ရန်၊ လူအစောင့်မရှိဘဲ မီးဖိုမီးသုံးစွဲခြင်း မပြုလုပ်ရန်၊ လျှပ်စစ်ဝါယာကြိုးများ စနစ်တကျသွယ်တန်းအသုံးပြုရန်စသည့် မီးဘေးသတိမူရေးဆိုင်ရာ အကြံပြုချက်များအား နှိုးဆော်သတိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

## တွံတေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**တွံတေး ဧပြီ ၂၆**



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေဆံတော်ရပ်ကွက်အတွင်းရှိ နေအိမ်များကို တစ်အိမ်တက်ဆင်းလိုက်လံ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်များကို အသိပညာပေး ဆောင်ရွက်ခဲ့ပြီး မီးလောင်မီးလန့်မှုများဖြစ်ပွားလာပါက အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## သီပေါမြို့နယ် ကျေးရွာသုံးရွာ၌ ကုန်ထုတ်လမ်းနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်

**သီပေါ ဧပြီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ၌ ပြည်နယ်အစိုးရ၏ အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Quick Win လုပ်ငန်းဖြစ်သော ကုန်ထုတ်လမ်းနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ



ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဖြူဖြူအောင်၊ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်နှင့် တာဝန်ရှိသူများက ကျင်သီကျေးရွာ၌ ကုန်ထုတ်လမ်း တစ်မိုင်ဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေများကို တိုင်းတာစစ်ဆေးသည်။

ထို့နောက် ကွန်ကျောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း ၁ မိုင် ၄ ဖာလုံ လုပ်ငန်း၊ နားမုံကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း ၂ မိုင် ၄ ဖာလုံ လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ဦးအေးလွင် [၁၃/တကန (နိုင်)၀၈၃၈၃၂] (ဘ-ဦးဆယ်မောင်)အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထားလျက်ရှိသော- ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်တော်အေးရိပ်သာလမ်း၊ အမှတ် (၉ / D)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၈၅/ကံဘဲ့)၊ မြေကွက်အမှတ်(၉/၅-၃)၊ ဧရိယာ(၀.၀၅၉)ဧကရှိ ဂရန်ရှိမြေပိုင်မြေအမျိုးအစား မြေကွက် နှင့် အဆောက်အဦအပါအဝင် ယင်းမြေကွက်သို့ ဝင်ထွက်သွားလာရန် လမ်းမြေထာဝရ သုံးစွဲခွင့်အပါအဝင် ဆက်နွယ်တွယ် ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ထားလျက် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို Tun Foundation Bank မှလွှဲ၍ ကျန်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၂၂) ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်(၆-လွှာ)၊ (ခေါင်းရင်းခန်း)၊ (အလျား ၁၂ ၃/၂ x အနံ ၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇော်မင်းထွန်း [၁၂/စခန(နိုင်)၀၀၂၂၃၂](ကွယ်လွန်)က တရားဝင်ပိုင်ဆိုင်ပြီး ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်အေးအေးထက် [၁၂/ကမတ(နိုင်)၀၅၆၆၄၇] က ဆက်ခံပိုင်ဆိုင်ကြောင်း ဝန်ခံပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တိုးတိုးဝင်း[၁၂/လမန(နိုင်)၀၁၆၄၂၅] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၁၄၁၉/ခ၊ မြေကွက်တည်နေရာ-အမှတ်(၁၄၁၉/ခ)၊ ဇင်ယော်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးကျော်ကျော် [၁၂/ဒဂတ(နိုင်)၀၁၃၄၂၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်ကျော်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်-၈၃၉၈/၂၀၂၃ (၂၁-၉-၂၀၂၃) ဖြင့် ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်လှ [၁၂/ကမတ(နိုင်)၀၄၀၉၉၄] မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အရောင်းမြေပုံမြေရာဇဝင်အား သိမ်းဆည်းထားရာ အထားအသိုမှားယွင်းပြီး ရှာဖွေတွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အဆိုပါ ၂၀၂၃ ခုနှစ်အရောင်းမြေပုံမူရင်းအား မိမိမှအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်း၊ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုထားခြင်းတို့ မရှိပါကြောင်း၊ အဆိုပါ အရောင်းမြေပုံ မြေရာဇဝင် ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၈၉၉/၂၀၂၆ (၂၁-၁-၂၀၂၆) ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ (၁)စောင်တို့ တင်ပြ၍ အမည်ပြောင်း လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် အုတ်ညှပ်အဆောက်အဦး (၁)လုံးရှိပြီး ကိုယ်တိုင်နေ၍ ဒေါ်ယဉ်ယဉ်လှမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးထားပါသဖြင့် ၎င်း၏အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၁၆၅၃)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးလှချို၊ ဒေါ်သိမ့်သိမ့်လှိုင်(ဘ)ဦးကြင်ဟန်[၁၂/သဃက(နိုင်)၀၀၃၄၅၈]အမည်ဖြင့် ချထားပေးသော မြေအကျယ်(၄၀x၆၀)ပေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးကျော်မင်းထွန်း[၁၂/ကတတ(နိုင်)၀၀၁၇၉၂]နှင့် ဒေါ်ဝါဝါသန်း[၁၂/ကတတ(နိုင်)၀၀၁၃၃၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဇော်ဟိန်း[၁၄/ရကန(နိုင်)၁၀၄၆၀၀]နှင့် ဦးမူဒူကား[၁၂/သလန(ပြု)၀၀၂၀၃၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ် (၆၀၁-က)၊ ည/၁၁ ရပ်ကွက်၊ ရွှေလင်းယုန်လမ်း၊ မြေအကျယ်အဝန်း (အလျား၂၀ပေxအနံ၆၀ပေ)ရှိ ဦးစစ်ထွေးအမည်ပေါက်ဂရန်မြေနှင့်တကွ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဖခင်ဖြစ်သူဦးညွန့်လှိုင်(ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော ဦးသန်းလှိုင်ဝင်း [၇/ပမန(နိုင်)၁၁၇၀၉၂]နှင့် ဒေါ်ဖြူအိလှိုင်ဝင်း[၁၄/ပသရ(နိုင်)၀၈၈၅၄၀]တို့က မိမိတို့သာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကြသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ထွန်း [၉/မခန(နိုင်)၂၂၀၅၉၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်အိကေဇင် | ဒေါ်အိအိမွန် | ဒေါ်မေသူထွန်း |
|---|---|---|
| (LL.B, D.B.L, D.I.L, D.I.P.L) | (LL.B, D.B.L, D.I.P.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ် - ၁၇၇၂၃) | (စဉ် - ၁၉၇၆၄) | (စဉ် - ၁၉၇၆၃) |

**အမှတ် (၇၀)၊ ၅-လွှာ(ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၄၂၈၅၉၆၁၅၄၊ ၀၉- ၄၂၁၀၃၁၉၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းထိုက်က ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၇၃)၊ ၅လွှာ(စီ)ဟုခေါ်တွင်သော (ပေ၂၀xပေ ၄၀) အကျယ်အဝန်းရှိ ကန်ထရိုက်တိုက်ခန်းကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ထွန်းနန္ဒာအောင် [၁၂/လမန(နိုင်)၁၅၇၂၁၈] အမှတ်(၃၄)၊ တိုက်(၁)၊ အခန်း(၉)၊ အရှေ့ဈေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း(LL.B,MA-Business Law,D.I.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၈၃)**
**အခန်း(၂၀၃)၊ တိုက်အမှတ်(၄၃၆)၊ ကမ်းနားလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၂၅၄၄၄၃၉၊ ၀၉-၉၅၇၅၂၁၄၉၁**

## တနင်္သာရီတိုင်းဒေသကြီး
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)
## (၂/၂၀၂၆-၂၀၂၇)ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၁၁-၅-၂၀၂၆)ရက် (တနင်္လာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - (၂၉-၅-၂၀၂၆)ရက် (သောကြာနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် | - ညနေ (၁၆:၃၀) နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက် | - (၄-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) |
| (င) | အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့် အချိန်/ နေရာ | - နံနက် (၁၀:၀၀) နာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ထားဝယ်မြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။**
**ဖုန်း-၀၅၉-၂၀၂၁၁၁၄၊ ၀၅၉-၂၀၂၃၅၇၀**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ်(၁၆)ဟု ခေါ်တွင်သော (၂) ခန်းတွဲ၊ (၇)ထပ်တိုက်အနက်မှ ပဉ္စမထပ်၊ (၆-လွှာ) (တိုက်ကိုမျက်နှာမူလျှင်-ညာ)၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သူဇာဝင်း[၉/အမဇ(နိုင်)၀၀၄၅၀၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်မာချို [၁၄/ညတန(နိုင်)၁၁၅၄၈၆] ကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**
**အမှတ်(၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်း-ဌေးကြွယ်ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် (၇၂)ဟု ခေါ်တွင်သော (၂၀ ပေx၃၀ ပေ) အကျယ်အဝန်းရှိ မြေညီတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်မြင့်မြင့်ခင် (ဘ) ဦးချစ်တင် [၁၂/တမန (နိုင်) ၀၇၀၁၂၈] က တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးကျော့ခိုင်မှ အပြီးအပိုင် ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးကျော့ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်အေးအေးမော်(စဉ်-၇၆၀၇) | ဒေါ်သူသူမင်း(စဉ်-၁၂၉၆၅) |
| LL.B, D.B.L, | LL.B, D.B.L, |
| WIPO (Switzerland) | WIPO (Switzerland) |
| ဒေါ်ခင်မို့မို့ထွန်း(စဉ်-၁၅၉၉၄) | ဒေါ်မာလာသန်းမြင့်(စဉ်-၄၈၇၁၆) |
| LL.B | LL.B, WIPO (Switzerland) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၄၉)၊ အခန်း (၅+၆)၊ လမ်း (၄၀)အောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၆၂၅၁၂၆၆**

## တနင်္သာရီတိုင်းဒေသကြီး
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)
## (၁/၂၀၂၆-၂၀၂၇)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ခရိုင်/အထူးအဖွဲ့များနှင့် ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကတ္တရာကွန်ကရစ်လမ်းလုပ်ငန်းနှင့် ကတ္တရာလမ်းလုပ်ငန်းများအတွက်လိုအပ်သော (၆၀/၇၀)ကတ္တရာ၊ (၈၀/၁၀၀)ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၁၁-၅-၂၀၂၆)ရက် (တနင်္လာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - (၂၉-၅-၂၀၂၆)ရက် (သောကြာနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် | - ညနေ (၁၆:၃၀) နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက် | - (၂-၆-၂၀၂၆)ရက် (အင်္ဂါနေ့) |
| (င) | အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့် အချိန်/နေရာ | - နံနက် (၁၀:၀၀) နာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ထားဝယ်မြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။**
**ဖုန်း-၀၅၉-၂၀၂၁၁၁၄၊ ၀၅၉-၂၀၂၃၅၇၀**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ စက်ရုံလမ်း၊ တိုက်အမှတ်(၂၃၀)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ)၊ ခြေရင်းခန်း၊ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်)၊ အခန်းအမှတ် (B-5)၊ အကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ တိုက်ခန်းတို ကန်ထရိုက်တာထံမှ အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ လက်ရှိထားပိုင်ဆိုင်သူ ဦးမျိုးမြတ်စိုး [၁၃/နမတ(နိုင်)၀၀၁၀၃၅]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကင်းရှင်းကြောင်း၊ လွတ်လပ်စွာ တရားဝင်စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးဦး [၅/ကလန(နိုင်)၀၅၀၉၈၂]ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်မျိုးဦး** | **ဒေါ်ဝင်းဝင်းခိုင် LL.B** |
| **၀၉-၇၈၅၇၈၆၀၀၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)** |
| | **အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊** |
| | **(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၃၀၆၅၉၃၉** |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၄)၊ မြရိပ်ညိုလမ်း၊ မြေကွက်အမှတ်-၁၃၈၇/က ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား-၂၀ပေ x အနံ-၆၀ပေ) ရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်(၁)ကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသွင်နောင်စိုးအမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား ဦးသွင်နောင်စိုးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြတ်သီရိအောင် [၁၂/ဒဂတ(နိုင်)၀၆၂၆၅၀] က ၎င်းမြေကွက်အား ယနေ့တိုင်မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်များရှိကြောင်း၊ ဥပဒေနှင့်အညီဝယ်ယူထား၍ လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ကာလတန်ဖိုးနှင့်အညီ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းချမ်းကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ငြိမ်းချမ်း [၁၂/ရကန(နိုင်) ၀၆၅၀၀၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးဝင်းထွဋ်(LLB,C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၀၁၇/၂၄-၁၁-၂၀၁၀)**
**အမှတ်(၁၂)၊ ယုဇနလမ်းသွယ်(၂)လမ်း၊ ယုဇနလမ်းမကြီး၊**
**အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၃၅၈၉၂၊ ၀၉-၇၆၂၆၉၂၇၃၇**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၆

| | | | |
|---|---|---|---|
| ချောက် | ၄၃ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၄၃ | ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၆၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး/ပြည်နယ်များရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများနှင့် PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✭



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ အပ်နှံထားသည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။




# အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောအသင်း ကြေးတံဆိပ် သုံးခုရရှိ

ရန်ကုန် ဧပြီ ၂၆

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၆)ကြိမ်မြောက် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲတွင် ဧပြီ ၂၆ ရက် ပွဲစဉ်များအပြီး၌ မြန်မာတက်ဂ်ဘောအသင်းက ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာတက်ဂ်ဘောအသင်းသည် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိထားခြင်းဖြစ်သည်။ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အဖွင့်ပွဲ၌ မြောက်ကိုရီးယားအသင်းကို

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ●

# SEA Esports Nations Cup 2026 တွင် မြန်မာ Esports အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၆

ဗီယက်နမ်နိုင်ငံ၌ မေ ၈ ရက်မှ ၉ ရက်အထိ ကျင်းပမည့် ပထမအကြိမ် SEA Esports Nations Cup ပြိုင်ပွဲတွင် မြန်မာ Esports အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❁

## ယနေ့ ဖတ်စရာ

ကင်းမွန်တစ်ကီလို ကျပ် ၂၀၀၀၀ ဖြင့် ပင်လယ်ပျော်ဆလုံများ ဈေးကောင်းရလျက်ရှိ စာမျက်နှာ » ၁၇

နို့တစ်ခွက်ရဲ့နောက်ကွယ်က နို့စားနွားမွေးမြူရေး ဆောင်းပါး စာမျက်နှာ » ၁၈

ဉာဏ်ရည်တုလှိုင်းများ(၃) နည်းပညာနှင့်သုတကဏ္ဍ စာမျက်နှာ » ၂၁

အက်ဖ်အေဖလားဗိုလ်လုပွဲကို လေးနှစ်ဆက်တက်လှမ်းခဲ့တဲ့ မန်စီးတီး တစ်ရာသီအတွင်း ပြည်တွင်းဖလားသုံးလုံးရရှိမယ့်မျှော်လင့်ချက် ရှင်သန်လာခဲ့ စာမျက်နှာ » ၂၄